မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၉)

မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း တိုးတက်ပြုပြင် ယခင် ညအိပ်ခရီးသွားလာနေရာမှ ယခု ၇ နာရီခရီးဖြင့် သွားလာနိုင်ကြပြီ

နေပြည်တော်မြို့တော် မေ ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၄ ရက် နံနက် ၄နာရီခွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခဧည့်ရိပ်သာမှထွက်ခွာလာရာ နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့နယ် တီယန်ဇွပ်ကျေးရွာ မိုင်တိုင် (၅၃)သို့ရောက်ရှိကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့နယ် မိုင်တိုင် (၅၃)ရှိ တီယန်ဇွပ်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နိုင်ငံတကာနှင့် အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားရတဲ့ တရားဝင်အစိုးရ

❒ ဥပဒေအရ အုပ်ချုပ်သောအစိုးရ၊ လက်တွေ့အုပ်ချုပ်သော အစိုးရဆိုတဲ့ အသုံးအနှုန်းတွေထက် လက်ရှိတပ်မတော်အစိုးရဟာ နိုင်ငံတကာနှင့် အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားရတဲ့ တရားဝင်အစိုးရ တစ်ရပ်ဆိုတာက ပိုပြီးလက်တွေ့ဆန်ပါတယ်။

ချမ်းမြသော်၏ လက်တွေ့ကျကျတွေး၊ ဖြစ်နိုင်ခြေကိုရွေး ဆောင်းပါး (စာ ၃ နှင့် ၇)

လုပ်ငန်းတာဝန်များ အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စေတနာထားလုပ်ကိုင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာ တိုးချဲ့စိုက်ပျိုး

နေပြည်တော်မြို့တော် မေ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် မေ ၅ ရက် နံနက်တွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကူညီဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြင့် အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန် ကျင့်သုံးဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှုများရှိရန်၊ နိုင်ငံတော်နှင့် ပြည်သူလူထု တစ်ရပ်လုံး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် ပြည်သူတစ်ရပ်လုံး၏ အသိဉာဏ်ဗဟုသုတ ရင့်ကျက်ပြည့်ဝရန်ဟူသည့် အခြေခံအချက်သုံးချက် ပြည့်စုံရန် လိုအပ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်သွားကြမည့် လူငယ်လူရွယ်များအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပညာရည်မြင့်မားစေရန် နိုင်ငံတော်က နယ်မြေဒေသ အသီးသီးတွင် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။

ထို့အပြင် ပြည်သူလူထု အသိဉာဏ်ပညာဗဟုသုတ ရရှိစေရန် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတော်၌ လူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ကြသည်။ ကျေးလက်ပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အသိဉာဏ်ပညာဗဟုသုတ ပိုမိုရရှိစေရေး၊ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာသည့်အလေ့အကျင့်များ တိုးပွားလာစေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ပေးရေးလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း၆၁၉၄၉ရွာရှိရာ ၂၀၀၆ခုနှစ် မတ်လ ၃၁ရက်နေ့အထိ တစ်နိုင်ငံလုံး၌ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၂၇၆၂တိုက် ဖွင့်လှစ်ထူထောင်ထားနိုင်ပြီ ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်တွင်လည်း ကျေးရွာစာကြည့်တိုက်များက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးရွာစာကြည့်တိုက်များ တည်ထောင်ရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အကြီးအကဲအနေဖြင့် နောင်ပေါ်ပေါက်လာမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို မျှော်မှန်းပြီး အမြင်ကျယ်ကျယ်ဖြင့် လမ်းညွှန်ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။ အခြားနိုင်ငံကြီးများတွင် ကျေးရွာတိုင်း၌ ကျေးရွာစာကြည့်တိုက်ဟူ၍ မရှိပေ။ မြန်မာနိုင်ငံအနေဖြင့် ယနေ့ကမ္ဘာ၌ ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံကောင်းရရှိနေပြီဖြစ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီ လက်တွဲပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား

၇-၄-၂၀၀၆ ရက်
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၈။ ကျေးပင်အကိရေလှောင်တမံ
၈:၂၀ ၉။ ခါသကြီန်အဆိုအကများ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ English For Everyday Use
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၀ ၇။ အဆိုပြိုင်ပွဲ
၁၇:၂၅ ၈။ **"အန္တရာယ်ကင်းစေဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၁၇:၄၀ ၉။ ခါသကြီန်အဆိုအကများ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၃။ ကျန်းမာစွမ်းအားဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့
၁၉:၁၄ ၁၄။ အတီးပြိုင်ပွဲ(ဂီတာ)
၁၉:၃၀ ၁၅။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၉:၄၅ ၁၆။ ခါသကြီန်အဆိုအကများ
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၂၂)
၂၁။ နောက်တစ်နေ့အစီအစဉ်

ဆူးလေစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အမှတ် ၃၅၆ နှင့် မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ် ဘာရတ်စားသောက်ဆိုင် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဦးသန်းဝင်း-ဒေါ်သီတာ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်နှင့် ဦးကြိုင်မြင့် တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(Cusack) ကြူးဇက်ကျောင်းသူကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဧပြီ ၆

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသူကျောင်းသားဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၉ ရက် (စနေနေ့)တွင် ပြင်ဦးလွင်မြို့ ပုလဲခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးကျောင်းသူကျောင်းသားဟောင်းများ အမြန်ဆက်သွယ်လှူဒါန်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေတက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်နိုင်

၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသော ကြူးဇက် ရင်သွေးသားသမီးများ အမှတ်စာရင်းမိတ္တူ၊ ဓာတ်ပုံတို့ကို ဒေါက်တာ ရဲလင်းထက် ဖုန်း-၀၈၅-၂၁၆၂၅၊ ဒေါ်ကြည်ကြည်ဝင်း (ရွှေကျီး) ဖုန်း-၀၂-၈၈၅၇၃၊ ဦးဝင်းနိုင် Salim°-ဒေါ်ဆွေဆွေသန်း (နားကြားကိရိယာရောင်းဝယ်ရေး) ဖုန်း-၀၁-၂၈၇၅၇၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြူးဆရာတော်၏တပည့် ကဝအရှင်ဝဏ္ဏိသရ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် ကဝ အရှင်ဝဏ္ဏိသရ (ဓမ္မာစရိယ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက)သည် ဧပြီ ၈ရက်(စနေနေ့) နှင့် ၉ရက် (တနင်္ဂနွေနေ့) တို့တွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် သက္ကာယကုန်းရွာတွင်လည်းကောင်း၊ ၁၀ရက် (တနင်္လာနေ့)နှင့် ၁၁ရက် (အင်္ဂါနေ့) ညများတွင်ကဝ မြို့နယ်အောင်ဆုပန်ရွာတို့၌လည်းကောင်း၊ ၁၂ရက်တွင် အောင်မြေကျောင်း၌လည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်ဟုသိရသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများဟောပြောပို့ချ

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းသာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄နှင့်၂၅)တို့မှ သင်တန်းသား ၁၃၀ အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ဟောပြောပို့ချသည်။

အလားတူပင် ဗဟိုအလုပ်အမှုဆောင်သည် ယမန်နေ့မွန်းလွဲပိုင်းတွင်လည်း ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၁၂)မှ သင်တန်းသား ၁၀၀ အားဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း မင်းလှ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၆

ပဲခူးတိုင်း မင်းလှမြို့ အထက ကျောင်းသားဟောင်းများ၏ အကြိမ် (၂၀)မြောက် မြတ်ဆရာပူဇော်ပွဲကို မင်းလှမြို့ အထက သပြေခန်းမတွင် ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာများကို အလှူငွေနှင့်လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့လိုသူများသည် ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း-၅၂၆၇၃၅၊ ဦးသန်းစိုး ဖုန်း-၅၃၄၇၃၆၊ ဦးမြင့်အောင် ဖုန်း-၆၉၉၄၀၆၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၅၀၁၀၅၁၊ မင်းလှမြို့တွင် ဦးကျင်စိုး၊ ဒေါက်တာသန်းလွင်၊ ဒေါ်စမ်းမော်ချို၊ ဒေါ်တင်တင်အေး၊ ဦးမြတ်ကို ဖုန်း-၀၅၃-၃၀၀၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇-၄-၂၀၀၆
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၈။ ခါသကြီန်အဆိုအကများ
၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ လက်စွမ်းပြပဟန် ဂီတသံ
၄:၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅ ၇။ ခါသကြီန်အဆိုအကများ
၄:၄၀ ၈။ မျိုးချစ်တပ်မတော်
၄:၅၀ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၂၀ ၁၀။ ခါသကြီန်အဆိုအကများ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသ သတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၁၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ Goals Shoe
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၂၉)

7-4 (02).p65 1 1/8/32, 2:38 PM

လက်တွေ့ကျကျတွေး၊ ဖြစ်နိုင်ခြေကိုရွေး

ချမ်းမြသော်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နှစ်စဉ်လုပ်နေကျအတိုင်း အင်န်အယ်လ်ဒီက သူတို့ရွှေဂုံတိုင်ရုံးမှာ လုပ်ပါတယ်။ ပြီးတော့ ထုံးစံအတိုင်း သတင်းထုတ်ပြန်ချက်တွေ ဘာတွေ ဖတ်ကြဝေကြပါတယ်။ ဒီနှစ်ပြည်ထောင်စုနေ့မှာ သူတို့က အထူးကြေညာချက်ရှိတယ်ဆိုလို့ ဧည့်သည်တွေကလဲ စိတ်ဝင်တစားရှိကြပါတယ်။ **အဲဒီအထဲမှာ စိတ်ဝင်တစားအရှိဆုံးသူတွေကတော့ သူတို့ပွဲလုပ်တဲ့ အောက်ထပ်အခန်းက ရှေ့ဆုံးဘယ်ဘက်အခြမ်းမှာ ထိုင်နေကြတဲ့ သံတမန်တော်ကြီးတွေပါပဲ။ အဲဒီသံတမန်တွေထဲမှာ အင်န်အယ်လ်ဒီပွဲပဲတက်ပြီး နိုင်ငံတော်ပွဲကို ရှောင်ကြတဲ့ သံရုံးကြီးတချို့က ပုဂ္ဂိုလ်တွေလဲ တွေ့ရတယ်ခင်ဗျာ။**

ဒီနေရာမှာ ပြောစရာတစ်ခု ပေါ်လာပါတယ်။ **အဲဒီသံတမန်တွေဟာ နိုင်ငံတော်က အသိအမှတ်ပြုပြီးမှ မြန်မာနိုင်ငံမှာ တရားဝင်တာဝန်ထမ်းဆောင်ခွင့် ရကြတာပါ။ သတင်းစာတွေထဲမှာ အမြဲလိုလိုပါတဲ့ သတင်းတွေကို ဖတ်ဖူးကြမှာပါ။ ဘယ်နိုင်ငံက ဘယ်သံအမတ်ကိုဖြင့် မြန်မာနိုင်ငံမှာ ခန့်အပ်ဖို့ မြန်မာနိုင်ငံအစိုးရက သဘောတူလိုက်ပြီဆိုတဲ့ သတင်းတွေ၊ ဘယ်သံအမတ်ကြီးကဖြင့် သူ့ရဲ့သံအမတ်ခန့်အပ်လွှာကို နိုင်ငံတော်အကြီးအကဲထံ ပေးအပ်တယ်ဆိုတဲ့ သတင်းတွေပါ။**

ဒီသတင်းတွေကို လေ့လာကြည့်တဲ့အခါ ရှင်းလင်းနေတဲ့ အချက်နှစ်ချက်ကို တွေ့ရပါတယ်။ နံပါတ်တစ်အချက်က သံတမန်တွေဟာ သက်ဆိုင်ရာနိုင်ငံအစိုးရရဲ့ တရားဝင်ခွင့်ပြုချက်နဲ့ လာရောက်တာဝန်ထမ်းဆောင်ကြတယ်။ နံပါတ်နှစ်အချက်အနေနဲ့ ဒီအစိုးရကို တရားဝင်အသိအမှတ်ပြုတဲ့အတွက် ခန့်အပ်လွှာပေးအပ်တဲ့ သံတမန်ကျင့်ဝတ်ထုံးစံအတိုင်း လိုက်နာလုပ်ဆောင်ကြတယ်။ **အဲသလိုမျိုး အသိအမှတ်ပြုလက်ခံထားကြလို့ လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ သူတွေဟာ အဲဒီအစိုးရရဲ့ ပွဲတွေကိုရှောင်ပြီး အစိုးရကို အမြဲတမ်း ထော်လော်ကန့်လန့်လုပ်နေတတ်တဲ့ အဖွဲ့ အစည်းတွေရဲ့ပွဲကို ပြုံးပြုံးကြီး၊ ပြောင်ပြောင်ကြီး လာရောက်ချီးမြှင့်ကြတယ်ဆိုကတည်းက သူတို့ဟာ သံတမန်ပါရာဇိက ကျနေကြပြီလားဆိုတာ မေးစရာမလိုအောင် ရှင်းလှပါတယ်။ ပြီးတော့ သူတို့ဘာကိုလိုလားတယ်၊ ဘာကိုမွေးနေတယ်ဆိုတာလဲ ယထာဘူတကျကျ သုံးသပ်ကြည့်လိုက်ရင် သိသာထင်ရှား ပေါ်လွင်နေပါတယ်။**

ထားပါတော့၊ ဒါက ကြုံတုန်း အမြင်မတော်တာလေးတစ်ခု တင်ပြတာပါ။ အင်န်အယ်လ်ဒီက အထူးကြေညာချက်ကို အခမ်းအနားထဲမှာဝေပါတယ်။ တစ်ဦးကတော့ သိပ်လဲထူးမှာမဟုတ်ပါဘူးကွာ။ တစ်ခါလာလဲ ရွေးကောက်ပွဲရလဒ်အသိအမှတ်ပြုဖို့တို့၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိ လွှတ်ပေးဖို့တို့၊ ပြီးတော့ ဒိုင်ယာလော့ခ်လုပ်ဖို့ ဒါတွေပဲနေမှာပါလို့ ဝေဖန်သံကိုလဲ ကြားလိုက်ရပါတယ်။

စိတ်မပါ့တပါနဲ့ သူတို့ရဲ့အထူးကြေညာချက်ကို ဖတ်ဖြစ်ပါတယ်။ အမှတ်တမဲ့ဖတ်ကြည့်လိုက်ရင်တော့ ဟဲ့–ခါတိုင်းနဲ့မတူ၊ နဲနဲတော့ထူးသဟလို့ ထင်နိုင်ပါတယ်။ အင်န်အယ်လ်ဒီရဲ့ ပြည်ထောင်စုနေ့အထူးကြေညာချက် ၁/၀၂/၂၀၀၆ကို ဖတ်ကြည့်တဲ့အခါ သူတို့ပြောချင်တဲ့ အဓိကအချက်တချို့ကို ဟောသလို တွေ့ရပါတယ်။

၁။ လက်ရှိတပ်မတော်အစိုးရက ၁၉၉၀ ရွေးကောက်ပွဲ ရွေးကောက်ခံကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ခေါ်ပေးရန်၊

၂။ ထိုလွှတ်တော်က လက်ရှိအစိုးရကို ဥပဒေအရအုပ်ချုပ်သော ကောင်စီ (De jure)အဖြစ်ကြေညာပေးရန်၊

၃။ လွှတ်တော်ကမကြေညာလျှင် လက်ရှိအစိုးရသည် ဥပဒေအရမဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော ကောင်စီ (De facto) ဖြစ်နေသည်၊

၄။ လက်ရှိအစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစိုးရအဖြစ်တာဝန်ယူဖို့နှင့် ထိုအသွင်ကူးပြောင်းရေး အစိုးရ၏ကာလကို အင်န်အယ်လ်ဒီနှင့် အစိုးရညှိနှိုင်းသတ်မှတ်ရန်၊

၅။ ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိလွှတ်ပေးပြီး ဆွေးနွေးပွဲများတွင် ပါဝင်စေရန်၊

၆။ အကယ်၍ ကြားလူလိုအပ်ပါက အာဆီယံနိုင်ငံတစ်နိုင်ငံမှခေါင်းဆောင်တစ်ဦးကို ရွေးရန်၊

၇။ နိုင်ငံတော်အစိုးရက ယင်းအစီအစဉ်ကို ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့အတွင်း စတင်အကောင်အထည်ဖော်ပေးရန် စသဖြင့် တွေ့ရပါတယ်။

အဲ့ဒီကြေညာချက်ကို အင်န်အယ်လ်ဒီ ဘာလုပ်လုပ်ဖွတ်မှိတ်ထောက်ခံကြတဲ့ ပြည်တွင်းပြည်ပအဖွဲ့တွေနဲ့ အဲဒီအဖွဲ့တွေရဲ့ ဝါဒဖြန့်အသံလွှင့်ဌာနနဲ့ မီဒီယာတချို့က ထောက်ခံကြိုဆိုကြတယ်ဆိုတာလဲ ကြားသိရပါတယ်။ ပျော့ပျောင်းတဲ့ကြေညာချက်ဖြစ်တယ်၊ ဘာညာဆိုပြီး ပြောကြဆိုကြပြန်ပါတယ်။

ဒါပေမယ့် အင်န်အယ်လ်ဒီရဲ့အထူးကြေညာချက်ကို သေသေချာချာဖတ်ကြည့်ရင်တော့ အရင်အတိုင်းထူးမခြားနား တောင်းဆိုချက်တွေအပေါ်အခြေခံပြီး နားလှည့်ပါးရိုက် လုပ်ထားတယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒါတွေကတော့ လွှတ်တော်ခေါ်ပေးရေး၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေးနဲ့၊ တွေ့ဆုံဆွေးနွေးရေး (ဒိုင်ယာလော့ခ်)ဆိုတာတွေပဲဖြစ်ပါတယ်။ ဒါတွေဟာ အင်န်အယ်လ်ဒီက လက်ရှိအစိုးရကို ကလေးမုန့်ပူဆာသလို စကတည်းက တစာစာတောင်းနေတဲ့ အချက်တွေပဲဖြစ်ပါတယ်။

နောက်ပြီးတော့ **အဲဒီကြေညာချက်ဟာ လက်တွေ့မကျဘဲ စိတ်ကူးယဉ်အတွေးများနဲ့ရေးထားတဲ့ကြေညာချက်မျိုးလဲ ဖြစ်နေပြန်ပါတယ်။** ဘာတွေ လက်တွေ့မကျသလဲ ကြည့်ကြရအောင်။ လက်ရှိအစိုးရဟာ လက်တွေ့အုပ်ချုပ်နေသော ကောင်စီလို့ပဲပြောပြော၊ တိုင်းပြည်ကို အုပ်ချုပ်လာတာ နှစ်ပေါင်း ၁၈နှစ်ရှိခဲ့ပါပြီ။ သည်အစိုးရကပဲ ကုလသမဂ္ဂအစည်းအဝေးတွေ၊ နိုင်ငံတကာအစည်းအဝေးကြီးတွေကို ကိုယ်စားလှယ်တွေ စေလွှတ်တက်ရောက်နေခဲ့တာ နိုင်ငံတော်တာဝန် စယူကတည်းကဖြစ်ပါတယ်။ ပြီးတော့ တခြားနိုင်ငံတွေက နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ ချစ်ကြည်ရေးအဖွဲ့တွေဟာ လက်ရှိအစိုးရရဲ့ဖိတ်ကြားချက်အရ လာရောက်လည်ပတ်လျက်လဲ ရှိနေကြပါတယ်။ တပ်မတော်အစိုးရဟာ အာဆီယံ၊ ဘင်းမ်စတက်၊မဟာမဲခေါင်နိုင်ငံများစတဲ့ ဒေသဆိုင်ရာအဖွဲ့ကြီးတွေမှာလဲ တရားဝင်အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားလျက်လဲရှိနေပါတယ်။ **ဥပဒေအရအုပ်ချုပ်သော အစိုးရ၊ လက်တွေ့အုပ်ချုပ်သောအစိုးရဆိုတဲ့ အသုံးအနှုန်းတွေထက် လက်ရှိတပ်မတော်အစိုးရဟာ နိုင်ငံတကာနှင့် အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားရတဲ့ တရားဝင်အစိုးရတစ်ရပ်ဆိုတာက ပိုပြီး လက်တွေ့ဆန်ပါတယ်။**

အဲဒီလို တရားဝင်ဖြစ်နေတဲ့ အစိုးရတစ်ရပ်ဟာ အင်န်အယ်လ်ဒီရဲ့ ပြောစကားနားထောင်ပြီး သူတို့ခေါ်ခိုင်းတဲ့ လွှတ်တော်ရဲ့ရှေ့ကျမှ ကျွန်တော်တို့ဟာ အရင်တုန်းက လက်တွေ့အုပ်ချုပ်တဲ့ အစိုးရပဲရှိပါတယ်။ ယခုမှ ဥပဒေအရအုပ်ချုပ်တဲ့အစိုးရဖြစ်ပါပြီလို့ အကြေညာခံမှာလားဆိုတာ စဉ်းစားကြည့်ကြဖို့ ကောင်းပါတယ်။ မိမိသာ လက်ရှိအစိုးရနေရာမှာဆိုရင်ကော အဲသလိုမျိုးလုပ်မလားဆိုတာ ပြန်မေးကြည့်သင့်ပါတယ်။ **ပြီးတော့ မေးစရာတစ်ခုလဲ ရှိလာပါတယ်။ အင်န်အယ်လ်ဒီက ကြေညာပေးမှ ဥပဒေအရအုပ်ချုပ်တဲ့အစိုးရ ဖြစ်ရမှာလားဆိုတာပါပဲ။ သည်နေရာမှာ အင်န်အယ်လ်ဒီရဲ့ တွေးတောဆင်ခြင်နိုင်စွမ်းအားနည်းမှု၊ လက်တွေ့နဲ့ ကင်းကွာပြီး စိတ်ကူးယဉ်ပုံစံ၊ လူပြိန်းကြိုက်ပုံစံ သွတ်သွင်းမှုတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ အင်န်အယ်လ်ဒီဟာ ၁၉၈၈မှ ယခုထိ တစ်လျှောက်လုံး လက်တွေ့ကျကျဆင်ခြင်သုံးသပ်မှု (realization) တွေနဲ့ ကင်းကွာပြီး နိုင်ငံရေးလုပ်ခဲ့လို့ မြန်မာပြည်သူပြည်သားတွေလိုလားတောင့်တတဲ့ဒီမိုကရေစီနိုင်ငံတော်နဲ့ ဝေးကွာခဲ့ရတယ်။ ပန်းတိုင်ရောက်ဖို့ မကြာသင့်ဘဲ ကြာခဲ့ရတယ်ဆိုတာ အမျိုးသားနိုင်ငံရေးကို လေ့လာနေတဲ့ သူတွေအားလုံး သဘောပေါက်နေကြပါပြီ။**

ကြေညာချက်မှာပါတဲ့ နောက်တောင်းဆိုချက်က တွေ့ဆုံ ဆွေးနွေးရေးဆိုတာပဲ ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးအပေါ် လက်ရှိတပ်မတော်အစိုးရနဲ့ အင်န်အယ်လ်ဒီအပါအဝင် အတိုက်အခံတချို့ရဲ့ အနက်ဖွင့်ဆိုမှုချင်းဟာ မူလဘူတကတည်းက ကွဲလွဲနေခဲ့ပါတယ်။ **တပ်မတော်အစိုးရက တွေ့ဆုံ ဆွေးနွေးခြင်းသည် တစ်ဦးတစ်ယောက်၊ တစ်ပါတီမျှနှင့် မျက်နှာချင်းဆိုင်စကားပြောခြင်းမဟုတ်၊ အလွှာအသီးသီး ပါဝင်သောစုပေါင်း တိုင်ပင်နှီးနှောခြင်းဖြစ်တယ်၊ ကျင်းပလျက်ရှိနေတဲ့ အမျိုးသားညီလာခံကြီးသည် အခြေခံကျသော တွေ့ဆုံဆွေးနွေးမှု တစ်ရပ်ဖြစ်သည်လို့ သဘောထားတာ တွေ့ရပြီး အင်န်အယ်လ်ဒီကတော့ တွေ့ဆုံဆွေးနွေးမှုဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော် ခေါင်းဆောင်တွေ မျက်နှာချင်းဆိုင်ပြီး နိုင်ငံရေးစကားပြောကြခြင်းလို့ တရားသေမှတ်ယူထားကြပါတယ်။**

ဟိုအရင်က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ နိုင်ငံတကာသတင်းဌာနတွေ အင်တာဗျူးလုပ်ကြတာတွေကို ပြန်ကြည့်ရင် **တပ်မတော်အစိုးရက အင်န်အယ်လ်ဒီကို အမျိုးသားညီလာခံသည် ဒိုင်ယာလော့ခ်ဖြစ်တယ်၊ အဲဒီကတစ်ဆင့် နိုင်ငံအနာဂတ်ရေးရာကို ညှိနှိုင်းနိုင်မယ်လို့ ခပ်ရှင်းရှင်းပြောခဲ့ပါတယ်။** အဲဒါကို **သိသိကြီးနဲ့ပဲ အင်န်အယ်လ်ဒီဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒိုင်ယာလော့ခ် လုပ်ပါလို့ တစာစာ တောင်းဆိုမှုပြုခဲ့ပါတယ်။ အခုနောက်ဆုံး ကြေညာချက်မှာလဲ ကြောင်းကွဲသံတူ ဒီဓာတ်ပြားဟောင်းကြီးပဲ ပြန်ဖွင့်ပြန်ပါတယ်။**

အင်န်အယ်ဒီကသာ လက်တွေ့ကျကျ မြော်မြင်သုံးသပ်နိုင်ခဲ့ရင် ၁၉၉၆ခုနှစ်မှာ အမျိုးသားညီလာခံက ထွက်ခဲ့မှာမဟုတ်ပါဘူး။ မထွက်တဲ့အပြင် အမျိုးသားညီလာခံကြီး ခပ်မြန်မြန်ပြီးစီးရေးကိုတောင် ပန်းတိုင်ထားလုပ်ဆောင်ခဲ့ဦးမှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံပြီးမှ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ ပေါ်လာမယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်လာမှ အဲဒီဥပဒေနဲ့အညီ အရပ်သားအစိုးရတစ်ရပ်၊ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ဒါဟာ ပြည်သူတွေ လိုလား တောင့်တတဲ့ ပန်းတိုင်လဲ ဖြစ်ပါတယ်။ ၁၉၉၆ခုနှစ်မှာသာ အမျိုးသားညီလာခံ မရပ်နားဘဲ ဆက်လက်ကျင်းပဖြစ်ခဲ့ရင် အင်န်အယ်လ်ဒီက ကဖျက်ယဖျက် မလုပ်ခဲ့ရင် အခုဆို ၁၀နှစ်ရှိပါပြီ။ အရပ်သားအစိုးရ နှစ်ဆက်လောက်တောင် ရောက်နေလောက်ပါပြီ။

၁၉၉၆မှာလမ်းကြောင်းသွေဖည်သွားတဲ့ အင်န်အယ်လ်ဒီကို တပ်မတော်အစိုးရက ၂၀၀၃ခုနှစ် ဩဂုတ်လမှာ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ဆိုတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ အဆင့်(၇)ဆင့်ကို ကြေညာပေးခဲ့ပြီးတော့ ရပ်နားခဲ့ရတဲ့ အမျိုးသားညီလာခံကြီးကို ၂၀၀၄မှာ ပြန်လည်ကျင်းပပေးခဲ့ပြီး မူလကတည်းကရှိခဲ့တဲ့ ဒီမိုကရေစီသို့ သွားရာလမ်းကြောင်းပေါ် ပြန်တင်ပေးနိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ **အင်န်အယ်လ်ဒီကို အမျိုးသားညီလာခံတက်ရောက်ဖို့ ထပ်မံဖိတ်ကြားခဲ့ပြန်ပါတယ်။ အဲ့ဒီအခါ အင်န်အယ်လ်ဒီဟာ အတိတ်က အမှားတွေကို သင်ခန်းစာယူပြီး ပြန်ဖွင့်ပေးခဲ့တဲ့လမ်းစကို ပြန်လျှောက်မယ့်အစား အကျင့်ပါနေကျအတိုင်း အပေးအယူပုံစံမျိုး၊ အကျပ်ကိုင်ပုံစံမျိုး လုပ်ခဲ့ပြန်ပါတယ်။**

ဒါတောင်မှ အဲဒီတုန်းက အစိုးရက လိုက်လျောနိုင်တာ တချို့ လိုက်လျောပေးခဲ့ပါတယ်။ သူတို့က အကုန်ရရင်ရ၊ မရရင် ဘာမှမယူဘူးဆိုတဲ့ အစွန်းရောက်ဝါဒတွေ၊ ကိုယ့်ကိုယ်ကို အခြောက်တိုက် ဘဝင်မြင့်အစွဲတွေနဲ့ အမျိုးသားညီလာခံကြီးကို ကျော်ခိုင်းခဲ့ပြန်ပါတယ်။ လူပြိန်းကြိုက် ဟီရိုးလုပ်ပြီး မြှောက်ပင့်ပေးနေကြသူတွေရဲ့ လက်ခုပ်သံတွေကို ဆက်ပြီးယစ်မူးခဲ့ပြန်ပါတယ်။

အင်န်အယ်လ်ဒီမတက်ခဲ့ပေမယ့် အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပခဲ့ရာမှာ ကနေ့ဆိုရင် အခြေခံမူအများစုကို ချမှတ်နိုင်ခဲ့ပါပြီ။ အမျိုးသားညီလာခံ ပြီးဆုံးမယ့်ကာလကလဲ လှမ်းကြည့်ရင် မြင်နိုင်တဲ့ အကွာအဝေးမှာ ရောက်လာနေပါပြီ။ **နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပါအဝင် တပ်မတော်နဲ့အစိုးရပိုင်းက တာဝန်ရှိလူကြီးတွေဟာ**

စာမျက်နှာ ၇ ကော်လံ ၁ သို့

မြန်မာပြည်သူပြည်သားတွေရဲ့ အကျိုးစီးပွားကို တကယ်ဦးထိပ်ပန်ဆင်ချင်တယ်ဆိုရင်တော့ ပါတီအစွဲ၊ ပုဂ္ဂိုလ်အစွဲတွေဖျောက်၊ အာဃာတတွေဖယ်ရှားကာ လက်တွေ့ကျပြီး အမှန်တကယ်ခရီးရောက်မယ့် လမ်းကိုသာရွေးရမှာဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းကတော့ တခြားမဟုတ်ပါ။ တပ်မတော်အစိုးရက ဘယ်လိုအခြေအနေရောက်ပါစေ မလွှတ်တမ်းဆုပ်ကိုင်ထားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့်(၇)ဆင့်ဆိုတဲ့ လမ်းကြောင်းပဲဖြစ်ပါတယ်။

အဲလ်ပ်တောင်တန်းမှရေခဲမြစ်များတဖြည်းဖြည်းကုန်ခန်းပျောက်ကွယ်ဖွယ်ရှိ လာမည့်ရာစုနှစ်အတွင်း ရာသီဥတု အကြီးအကျယ်ပြောင်းလဲနိုင်

ဇူးရစ် ဧပြီ ၅

ဥရောပတိုက်ရှိ အဲလ်ပ်တောင်တန်းမှ ရေခဲမြစ်များ၏ လေးပုံသုံးပုံမှာ ယခုရာစုနှစ်အတွင်း ကုန်ခန်းပျောက်ကွယ်သွားနိုင်ကြောင်း၊ သို့ဖြင့်လာမည့် ရာစုနှစ်တွင် ရာသီဥတု အကြီးအကျယ်ပြောင်းလဲသွားစေနိုင်သည်ဟုဆို၏။

ယင်းမှာ ဇူးရစ်မြို့အခြေစိုက် ကမ္ဘာ့ရေခဲမြစ် အခြေအနေလေ့လာရေးလုပ်ငန်း (ဒဗလျူဂျီအမ်အက်စ်)မှ နောက်ဆုံး သုတေသနတွေ့ရှိ ချက်အရ ကောက်ချက်ချလိုက်ခြင်း ဖြစ်သည်။

ရေခဲမြစ်များမှာ သောက်ရေသန့်ရရေးတွင် အခရာဖြစ်သည်။ ထို့ပြင် ခရီးသွားလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးတွင်လည်း အဓိကကျသည်။ ယခုအခါ ရေခဲမြစ်များ အကြီးအကျယ် အရေပျော်လာသည့်အထောက်အထားများကို အခိုင်အမာတွေ့ထားသည်။

အဲလ်ပ်တောင်တန်း ရေခဲမြစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဲလ်ပ်တောင်တန်း၌ ရေခဲမြစ်များဖုံးသည့် အကျယ်အဝန်းမှာ ၁၈၅၀ပြည့်လွန်နှစ်များက ၄၄၇၄စတုရန်းကီလိုမီတာရှိကြောင်း ဗီယင်နာ၌ ကျင်းပသည့် ဥရောပ ဘူမိသိပ္ပံအသင်း (အီးဂျီယူ) နှစ်ပတ်လည်အစည်းအဝေးသို့ ဒဗလျူဂျီအမ်အက်စ်က တင်ပြထားသည်။

ရေခဲမြစ်များ ဖုံးလွှမ်းသည့် ဒေသအကျယ်အဝန်းမှာ ၁၉၇၀ပြည့်လွန်နှစ်များတွင် ၂၉၀၃စတုရန်းကီလိုမီတာရှိခဲ့ရာမှ ၂၀၀၀ပြည့်နှစ်အရောက်တွင် ၂၂၇၂ စတုရန်းကီလိုမီတာသို့ လျော့နည်းကျဆင်းသွားသည်။

ရေခဲမြစ်များ ဖုံးသည့် ဒေသကျဉ်းမြောင်းလျော့နည်းမှုနှုန်းမှာ ၁၈၅၀ပြည့်နှစ်မှ ၁၉၇၀ပြည့်နှစ်များအတွင်း ၁၀နှစ်လျှင် ၂ဒသမ၉ ရာခိုင်နှုန်းဖြစ်ပြီး ၁၉၇၀ပြည့်နှစ်မှ ၂၀၀၀ပြည့်နှစ်အတွင်း ဆယ်နှစ်လျှင် ၈ဒသမ၂ရာခိုင်နှုန်း ပိုမိုလျော့နည်းသွားသည် စသဖြင့် ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံဝန်ကြီးချုပ် ဝမ်ကြားပေါင် ဖီဂျီကျွန်းနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိ

နာဒီ ဧပြီ ၅

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ဧပြီ ၄ရက်က ဖီဂျီကျွန်းနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး စတင်ရောက်ရှိလာခဲ့သည်။

တရုတ်ဝန်ကြီးချုပ်၏ ယင်းခရီးစဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံသို့ ပထမဆုံး အလည်အပတ် ခရီးစဉ်ပင်ဖြစ်သည်။

ကြိုဆိုဂုဏ်ပြု

မစ္စတာဝမ်သည် ဖီဂျီဝန်ကြီးချုပ် လေဆီနီယာကာရာစီ၏ ဖိတ်ကြားချက်အရ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး နာဒီလေဆိပ်သို့ မစ္စတာဝမ်၏ အထူးလေယာဉ် ဆိုက်ရောက်ခဲ့ရာတွင် ဖီဂျီဝန်ကြီးချုပ်က ပစ္စတာဝမ်နှင့်တရုတ်ကိုယ်စားလှယ်များအား အခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုခဲ့သည်။

ထုတ်ပြန်

နှစ်နိုင်ငံ ပြည်သူများအကြား ရှည်ကြာစွာ အပြန်အလှန်နားလည်မှုနှင့် ရင်းနှီးချစ်ကြည်မှုများရှိထားကြောင်း လေဆိပ်တွင် ဝမ်ကကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ပြောကြား

ဖီဂျီသည် တရုတ်နိုင်ငံနှင့်၁၉၇၅ ခုနှစ်ကပင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်ပထမဆုံး ပစိဖိတ်ကျွန်းနိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ကပင်နှစ်နိုင်ငံ၏ စုပေါင်းအားထုတ်မှုများကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ တရုတ်နှင့်ဖီဂျီအကြား ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားနယ်ပယ်များတွင်လည်း ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြား နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်မှုများရှိကြောင်း မစ္စတာဝမ်က ပြောကြားသည်။

မစ္စတာဝမ်သည် ဖီဂျီသမ္မတ ဂျိုဆီယိုလိုနှင့်လည်း တွေ့ဆုံမည်ဖြစ်ပြီး ဝန်ကြီးချုပ်ကာရာစီနှင့် ဆွေးနွေးမည်ဖြစ်သည်။

သွားရောက်

မစ္စတာဝမ်၏ လေးနိုင်ငံခရီးစဉ်တွင် ဩစတြေးလျပြီးလျှင် ဖီဂျီသည် ဒုတိယမြောက်ခရီးစဉ်ဖြစ်ပြီး ၎င်းနောက် မစ္စတာဝမ်သည် နယူးဇီလန်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ အလည်အပတ်သွားရောက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းဘုရင့်သမီးတော် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ

ပေကျင်း ဧပြီ ၅

တရုတ်လူငယ်များနှင့် ထိုင်းလူငယ်များ အပြန်အလှန် ပိုမိုလည်ပတ်ကြရန် တရုတ်ပြည်သို့ အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်သမီးတော် ချက်ကရီသီရိဒုံက ဧပြီ ၄ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

တက်ရောက်

ပေကျင်းတက္ကသိုလ်သို့ သွားရောက်လည်ပတ်စဉ် ထိုင်းဘုရင့်သမီးတော်က နှစ်နိုင်ငံကျောင်းသားများ တိုးမြှင့်ဆက်သွယ်လာသည်ကို မြင်တွေ့ရ၍ ဝမ်းသာကြောင်း ပြောကြားလိုက်သည်။ မင်းသမီးသီရိဒုံသည် ပေကျင်း တက္ကသိုလ်တွင် ၂၀၀၁ ခုနှစ်က တစ်လကြာ တက်ရောက်ပညာဆည်းပူးခဲ့ဖူးသည်။

ဘာသာပြန်ဆို

မင်းသမီးသီရိဒုံသည် တရုတ်သမိုင်း၊ တရုတ်ဘာသာစကားနှင့် တရုတ်ယဉ်ကျေးမှုကို အထူးစိတ်ဝင်စားသူဖြစ်သည်။ တရုတ်ပြည်အကြောင်း စာအုပ်သုံးလေးအုပ်ရေးသားခဲ့သည့်အပြင်၊ တရုတ်ကဗျာများနှင့် ဝတ္ထုများကိုလည်း အခြားဘာသာများသို့ ဘာသာပြန်ဆိုရေးသားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ခေတ်သစ် အထူးရေယာဉ်ပျံ အီရန်နိုင်ငံက အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

တီဟီရန် ဧပြီ ၅

အီရန်နိုင်ငံသည် ခေတ်သစ်အထူးရေယာဉ်ပျံတစ်စင်းကို မတ်လ ၄ရက်က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ပြောကြားပြီး အခြားစစ်ဘက်ဆိုင်ရာစက်ပစ္စည်းကိရိယာပုံစံအမျိုးမျိုးကို ပြောကြားခြင်းမရှိဘဲ အီရန်စစ်ဘက်က ပင်လယ်ကွေ့အတွင်း လက်တွေ့ စမ်းသပ်လျက်ရှိကြောင်းသာ ဖော်ပြခဲ့သည်။



ခေတ်သစ်အထူးရေယာဉ်ပျံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါရေယာဉ်ပျံအသစ်၏ အမျိုးအစား ပုံသဏ္ဌာန်ကိုလောလောဆယ်ရှင်းလင်းစွာ မဖော်ပြသော်လည်း ရုပ်ပြေးယာဉ်၏ ပုံသဏ္ဌာန်မျိုးမဟုတ်ကြောင်းကိုမူ ရိုက်တာသို့ပြောကြားသည်။

အီရန်ရေတပ်သည် ကမ္ဘာ့အကြီးဆုံး ရေတပ်သုံးရုပ်ပြေးယာဉ်စုများအနက် တစ်စုကို ၁၉၇၉ခုနှစ် အစ္စလမ္မစ်တော်လှန်ရေး မတိုင်မီကပင်အသုံးပြုခဲ့သည်။ ၎င်းတို့အနက် ဟောင်းနွမ်းပျက်စီးနေသော ယာဉ်၁၀စင်းခန့်သာလျှင် လုပ်ငန်းတွင် ကျန်ရှိတော့ကြောင်း ၎င်းတို့ကပြောကြားသည်။

နိုင်ငံပိုင်ရုပ်မြင်သံကြားကလည်း အဆိုပါရေယာဉ်ပျံ၏ပုံကို ပြသခြင်းမရှိပေ။

သဘော်ကိုယ်ထည်ပုံစံမှာ ဆန်းသစ်၍ ခေတ်ရှေ့ပြေးနေကြောင်း၊ ပင်လယ်နှင့်ကောင်းကင်တွင်ရေဒါ ရှိမရှိသိနိုင်ကြောင်း၊ ရေပြင်မှလည်း ခွာထွက်နိုင်ကြောင်း၊ ၎င်းကိုပြည်တွင်း၌ ရာနှုန်းပြည့်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပျံသန်းသွားလာနေစဉ်အတွင်း ပစ်မှတ်ကို အတိအကျပစ်ခတ်နိုင်ကြောင်း ရုပ်မြင်သံကြားဌာနက ကြေညာသည်။

မတ်လ ၃၁ရက်ကလည်း အီရန်သည်ရေဒါရှောင်နိုင်သည့် ဒုံးပျံနှင့်မည်သည့် ရန်သူစစ်သင်္ဘောကိုမဆို ကျော်တက်နိုင်သည့် ရေအောက်ဒုံးကျည်ကို စမ်းသပ်ခဲ့ကြောင်း အီရန်ကကြေညာခဲ့သည်။

အခြားဒုံးပျံကိုလည်း ဧပြီ ၄ရက်မွန်းလွဲပိုင်းတွင် ထပ်မံစမ်းသပ်ဦးမည် ဖြစ်ကြောင်း ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အငယ်စားကျောက်မီးသွေးတွင်းအားလုံး ၂၀၀၇ခုနှစ်ကုန်တွင် တရုတ်၌ ပိတ်ပစ်မည်

ပေကျင်း ဧပြီ ၅

တရုတ်ပြည်ရှိ ကျောက်မီးသွေးတွင်းငယ်အားလုံးကို ၂၀၀၇ခုနှစ် နှစ်ကုန်တွင် အစိုးရက ပိတ်ပစ်မည်ဟုကြေညာထားကြောင်း ချိုင်းနားဒေလီသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

နှစ်စဉ် ကျောက်မီးသွေးထုတ်လုပ်မှုတန်ချိန် ၃၀၀၀၀အောက်ထွက်ရှိသည့် ကျောက်မီးသွေးတွင်းအားလုံးကို ပိတ်ပစ်မည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြထားသည်။

ကျောက်မီးသွေးတူး ကုမ္ပဏီကြီးများသည် ကျောက်မီးသွေးတူး အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုမိုအလေးထား လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ကြောင်းဖြင့်လည်း နိုင်ငံတော် ကျောက်မီးသွေးတွင်း ဘေးအန္တရာယ် ကင်းရှင်းရေး အုပ်ချုပ်မှုအဖွဲ့ ညွှန်ကြားရေးမှူး ကျောက်တီချူးက ပြောကြားသည်။

ထုတ်လုပ်

တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး အများဆုံးသုံးစွဲသည့် နိုင်ငံလည်းဖြစ်သည်။ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား သုံးပုံနှစ်ပုံကို ကျောက်မီးသွေးမှ ထုတ်လုပ်ပေးသည်။

သေဆုံး

ကျောက်မီးသွေးတွင်း မတော်တဆမှုများ ကြုံတွေ့ရတက်ပြီး အဆိုးဆုံးမှာ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီ ၁၄ရက်က မတော်တဆမှုဖြစ်သည်။ နှစ်ပေါင်း ၆၀အတွင်း အဆိုးရွားဆုံးဖြစ်ပြီး လူ ၂၁၄ယောက် သေဆုံးခဲ့သည်။

(အင်တာနက်)

ကျောက်မီးသွေးတွင်း လုပ်ငန်းခွင်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးသမ္မတ နှင့် အာကာသယာဉ်မှူး ပွန်တက်စ် ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်စကားပြောကြား

ရီယိုဒီဂျနေရိုး မေ ၆

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် သွားရောက်လျက်ရှိသည့် ဘရာဇီး အာကာသယာဉ်မှူး မာကို့စ်ပွန်တက်စ်အား ဘရာဇီးသမ္မတ လူလာဒီဆီးလ်ဗားက မေ ၅ရက်တွင် တိုက်ရိုက်ဆက်သွယ်ကာ ကွယ်လွန်သူ ဖော်မြူလာဝမ်းချန်ပီယံဆု သုံးကြိမ်ရ အာတွန်ဆင်နာနှင့် နှိုင်းယှဉ်ကာ ချီးကျူးစကားပြောကြားလိုက်ပြီး ဘရာဇီးဘောလုံးပွဲသို့ ကိုယ်တိုင်အားပေးဖို့ ကမ္ဘာမြေပြင်ရှိ အမိနိုင်ငံသို့ ပြန်လာရန် ဖိတ်ခေါ်လိုက်သည်။

အာကာသခရီးစတင်စဉ်က မစ္စတာပွန်တက်စ်က နိုင်ငံတော်အလံကို ဝှေ့ယမ်းနှုတ်ဆက်စဉ် မိမိအား အာတွန်ဆင်နာကို ပြန်လည်သတိရစေသည်ဟုလည်း သမ္မတ လူလာဒီဆီးလ်ဗားက ပြောကြားလိုက်သည်။

အရေးပါ

ဒုတိယဗိုလ်မှူးကြီး ပွန်တက်စ်သည် ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးဖြစ်သည်။ ၎င်း၏အာကာသခရီးစဉ်တွင် အစိုးရက အကုန်အကျခံလွန်းသည်ဟု ဝေဖန်သူအချို့ရှိသော်လည်း၊ ဤအာကာသ ခရီးစဉ်တွင် နိုင်ငံအတွက် အရေးပါသော ခြေလှမ်းဖြစ်ကြောင်း သမ္မတဆီးလ်ဗားက ပြောဆိုသည်။

အာကာသယာဉ်မှူး ပွန်တက်စ်သည် စနေနေ့တွင် ကမ္ဘာသို့ပြန်လာမည်ဖြစ်သည်။ **(အင်တာနက်)**

သမ္မတအိမ်တော်မှနေ၍ ဘရာဇီးသမ္မတ လူလာဒီဆီးလ်ဗားနှင့် ဘရာဇီးအာကာသယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ပွန်တက်စ်တို့ ရုပ်မြင်သံကြားမှတစ်ဆင့် တွေ့ဆုံစကားပြောကြားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်အလယ်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ် လူ၂၃ဦးသေဆုံး

ဝါရှင်တန် မေ ၄

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းပြည်နယ် ရှစ်ခုတွင် မေ ၂ရက်က လေဆင်နှာမောင်းတိုက်ခတ်စဉ်အတွင်း လူ ၂၃ ဦးထက်မနည်း သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ယင်းနေ့က ဖြစ်ပွားပြီးနောက် စီအင်အင်သတင်း ဌာနက ဖော်ပြသည်။

ရိုက်ခတ်

တင်နက်ဆီပြည်နယ်မှာ ဒဏ်အခံရဆုံးဖြစ်ပြီး ခရိုင်ငါးခုတွင် တိုနာဒိုမုန်တိုင်းရိုက်ခတ်ခဲ့သဖြင့် လူ ၁၉ဦး သေဆုံးကာ ဂျစ်ဆန်ခရိုင်တစ်ခုတည်းတွင်ပျမ်းမျှအဆောက်အအုံပေါင်း ၁၂၀၀ ခန့် ပျက်စီးသွားခဲ့သည်။

ထုတ်ပြန်

အမေရိကန်အမျိုးသား ရာသီဥတုဆိုင်ရာဌာနက တိုနာဒိုမုန်တိုင်း ၆၃ခု ရိုက်ခတ်ဦးမည်ဖြစ်သည်ဟု စောစောပိုင်းက သတင်းများထုတ်ပြန်ခဲ့သည်။

မုန်တိုင်းတစ်ဝက်ခန့်မှာ အာကင်ဆတ်ပြည်နယ်တွင် ကျရောက်ခဲ့ပြီး မာမာဒူကီမြို့တစ်ဝက်နီးပါး ပျက်စီးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်ကျူးကျော်မှုတွန်းလှန်ရန် အသင့် ဗင်နီဇွဲလားတွင် ပြည်သူများအားသင်တန်းပေး

ချာရာလက် မေ ၄

ဗင်နီဇွဲလားနိုင်ငံအား ထိပါးသော မည်သည့်အမေရိကန် ကျူးကျော်ရန်စမှုမျိုးကိုမဆို တွန်းလှန်ရန် အသင့်ရှိကြောင်းဖြင့် ဒီဂိုရီဗာရိုက ထုတ်ဖော် ပြောကြားလိုက်သည်။

ရီဗာရိုသည် ယာဉ်မောင်းတစ်ဦးဖြစ်ပြီး ပိုင်နက်နယ်မြေ စောင့်ကြပ်ရေးအတွက် လူငယ်များ၊ ကျောင်းဆရာများနှင့် အိမ်ရှင်မများပါ တက်ရောက်သည့် သင်တန်းသို့ တက်ရောက်နေသည့် သင်တန်းသားတစ်ဦး ဖြစ်သည်။

တွားသွား

မီးလောင်ကျွမ်းနေရာ မော်တော်ကားတာယာများကို ကွေးပတ်ရှောင်တိမ်းပြီး၊ ကတုတ်ကျင်းများကို ဖြတ်ကာ သံဆူးကြိုးအောက်မှ မိကျောင်း တွားသွားအပြီး အသက်ရှူမှားလောက်အောင် မောပန်းနေစဉ် ရီဗာရိုက အမေရိကန်ကျူးကျော်မှုကို တွန်းလှန်ရန်အသင့်ရှိကြောင်း အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

လေ့ကျင့်

အမေရိကန်ကကျူးကျော်ရန် စီစဉ်နေသည်ဟု ယုံကြည်သည့်အတိုင်း ဗင်နီဇွဲလားသမ္မတ ဟူးရိုး ချာဗက်ဇ်က အရေးကြုံလျှင် သက်လုံကောင်းရန် အရပ်သားများကို လေ့ကျင့်သင်တန်းပေးကာ နိုင်ငံတစ်ဝန်းတွင် အရန်တပ်ရင်း ၄၂ရင်း ဖွဲ့ထားသည်ဆို၏။

အမ်အင်အေ၊ရိုက်တာ

အင်ဒိုနီးရှား၌ ဆေးလိပ်သောက်ခြင်းကန့်သတ်

ဂျကာတာ မေ ၅

အင်ဒိုနီးရှား အာဏာပိုင်များသည် ဆေးလိပ်သောက်သုံးသူများအား နှုတ်ဖြင့်သတိပေး ပြောကြားပြီးနောက်ပိုင်း ဆေးလိပ်သောက်သုံးခြင်းကို ဥပဒေကြောင်းအရတင်းကျပ်စွာ ဆောင်ရွက်ခြင်းကို မေ ၆ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်းသိရသည်။

စတိုးဆိုင်ကြီးများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ လေဆိပ်ပါ သင်္ဘောဆိပ်နှင့် ဘတ်စ်ကားဂိတ်များ၊ အစိုးရရုံးများ၊ ကျောင်းများ၊အားကစားကွင်းများ၊ ဆေးရုံများ၊ အလုပ်ရုံများ အပါအဝင် သတ်မှတ်ထားသော နေရာများတွင် ဆေးလိပ် သောက်သူများအား ဖမ်းဆီးရန်အတွက် အထူးအရာရှိ ၄၀၀၀ ခန့်ကို ဖြန့်ချထားမည်ဖြစ်သည်။

သတ်မှတ်ထားသော စည်းကမ်းများကို ချိုးဖောက်သူများအား အမေရိကန်ဒေါ်လာ ၁၀ အထိ ဒဏ်ရိုက်မည်ဖြစ်ပြီး၊ ဒဏ်ရိုက်ခြင်းကို ငြင်းဆိုပါက မှတ်ပုံတင်ကတ်ကို သိမ်းဆည်းမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်၌ရောဂါကာကွယ်ရေးဆောင်ရွက် မှောင်ခိုတင်သွင်းသည့်ကြက်ငှက်များအားဖျက်ဆီးမည်

ဟနွိုင်း မေ ၅

ဗီယက်နမ်နိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မှောင်ခိုတင်သွင်းသည့် ကြက်ငှက်များနှင့် ၎င်းတို့နှင့်ဆက်စပ်နေသည့် ထုတ်ကုန်များကို ပိုင်ရှင်များနှင့် သယ်ယူပို့ဆောင်သူများအား လျော်ကြေးမပေးဘဲ ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ပိုင်အိုနီးယား သတင်းစာက မေ၄ရက်တွင် ဖော်ပြသည်။

ဆောင်ရွက်

ဒုတိယဝန်ကြီးချုပ် ဖန်ဂျီယာချမ်၏ ညွှန်ကြားချက်အရ မြောက်ပိုင်းနှင့် တောင်ပိုင်းမြို့နှင့် ပြည်နယ်၁၄ ခု၏ ပြည်သူ့ကော်မတီသည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသော အိမ်နီးချင်းနိုင်ငံများမှ မှောင်ခို တင်သွင်းလာသည့် ကြက်၊ဘဲ၊ငှက်များနှင့် ၎င်းတို့နှင့် ဆက်စပ်သည့် ထုတ်ကုန်များအား သုတ်သင်ဖယ်ရှားပစ်ရန် သက်ဆိုင်ရာ အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အမိန့်ထုတ်

စောစောပိုင်းကလည်း အစိုးရသည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများ၊ လယ်ယာများတွင် ပိုးသတ်ဆေးပက်ဖျန်းမှုများနှင့် ကာကွယ်ဆေးထိုးမှု အရှိန်မြှင့်တင်ခြင်းများကို စောင့်ကြည့်လေ့လာရန် ဒေသခံအာဏာပိုင်များနှင့် ဝန်ကြီးဌာနများအား အမိန့်ထုတ်ပြန်ထားခဲ့သည်။

လွန်ခဲ့သည့်သုံးလကပင် ကြက်၊ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမတွေ့ခဲ့ကြသဖြင့် ဗီယက်နမ်ပြည်နယ်အချို့သည် အဆိုပါရောဂါနှင့်ပတ်သက်၍ သတိဝီရိယရှိမှု နည်းပါးလာခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရွှေဓားရှည်ကို တွေ့ရစဉ်

ရွှေဖြင့်ပြုလုပ်ထားသော ဓားရှည်တစ်ချောင်းကို တွေ့ရစဉ်။

ဗြိတိန်နိုင်ငံ အိမ်ရှေ့မင်းသားက ကင်းဘရိတ်မြို့စားကြီးအား ၁၈၁၆ ခုနှစ်က နှင်းအပ်ခဲ့သော ရွှေဓားရှည်ကို ယခုအခါ လေလံတင်ရောင်းချရန်အတွက် အမေရိကန်ဒေါ်လာ ၁၄၀၀၄၉ ဈေးခေါ်ထားသည်။

(အင်တာနက်)

ပျားအဆိပ်ဖြင့် ဆေးကု

ပျား၏အဆိပ်များကို အသုံးပြု၍ ဆေးဝါးကုသမှုပေးနေသည်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ ဆေးခန်းတစ်ခုတွင်ပျားများ၏ အဆိပ်များကို အသုံးပြု၍ နှာခေါင်းအမြှေးရောင်ရောဂါ၊ ဒူလာရောဂါနှင့် အဆစ်ရောင်ရောဂါများကို ကုသပေးလျက်ရှိပြီး ပျားများ၏ အဆိပ်များကိုလူ့ခန္ဓာကိုယ်တွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် အဆိုပါရောဂါများကို ကုသကြောင်းသိရသည်။ **(အင်တာနက်)**

● ***ကျော့ဖုံးမှ***

အဆိုပါ ဆေးတက္ကသိုလ်ကြီးတွင် ဧပြီ ၆ ရက်က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား ခွဲစိတ်ကုသမှုကုန်ကျစရိတ် ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ ယင်းအခမ်းအနားသို့ မြန်မာ့အလင်းက သတင်းစကား ပြန်ကြားနိုင်ရန် သွားရောက်ခဲ့သည်။

ယခုလို အခမဲ့ ခွဲစိတ်ကုသပေးတဲ့အတွက် နိုင်ငံတော်နဲ့ အလှူရှင်များကို အထူးကျေးဇူးတင် ဒေါ်ရီရီဌေး။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယင်းအခမ်းအနားကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်သည်။

မင်္ဂလာရှိ

အခမ်းအနားတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍အမှာစကားပြောကြားရာ ယနေ့အခမ်းအနားသည် ရန်ကုန်တိုင်းအတွင်း မွေးရာပါချို့တဲ့သည့် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များကို ခွဲစိတ်ကုသပေးသည့် မင်္ဂလာရှိသော အခမ်းအနားဖြစ်ကြောင်း၊ လိုအပ်သောကူညီပံ့ပိုးမှုများရရှိအောင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်ကာ မွေးရာပါချို့တဲ့သော ဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်ကာ ကုသပေးခဲ့ကြောင်း၊ ၎င်းတို့က သင်္ဃန်းကျွန်း စံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် သွားဘက်ဆိုင်ရာ ပါမောက္ခတို့၏ ပံ့ပိုးမှုဖြင့် ခွဲစိတ်ကုသနိုင်ရန် စီစဉ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

နှုတ်ခမ်းကွဲဝေဒနာရှင် ကလေးငယ်များ မခွဲစိတ်မီပုံနှင့် ခွဲစိတ်ပြီးပုံများကို ဤသို့ နှိုင်းယှဉ်ပြထားသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အောင်မြင်စွာ

၂၀၀၂ ခုနှစ်က ရန်ကုန်တိုင်းအတွင်း၌ အဆိုပါဝေဒနာရှင် ၂၅၃ ဦးကို အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်က သင်္ဃန်းကျွန်း ဆေးရုံကြီးတွင် ၆၁ ဦး၊ ၂၀၀၅ ခုနှစ်က မြို့နယ်များမှ ရှာဖွေညွှန်းပို့သူပေါင်း ၂၃၈ ဦးရှိရာ ၁၈၃ ဦးကို သင်္ဃန်းကျွန်း ဆေးရုံကြီး၌လည်းကောင်း၊ ၅၂ ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ခွဲစိတ်ပေးခဲ့

ယခု သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၌ ၂၀၀၆ ခုနှစ် မတ် ၂၉ ရက်မှစပြီး ဧပြီ ၆ ရက်အထိ ဝေဒနာရှင် ၂၃ ဦးကို ခွဲစိတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းမှာ အဆိုပါဆေးတက္ကသိုလ်ကြီး၌ ပထမဆုံးအကြိမ် ခွဲစိတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုနေ့က နှုတ်ခမ်းကွဲနှင့်အာခေါင်ကွဲဝေဒနာရှင် ၅၇ ဦးအတွက် အလှူရှင်များဖြစ်ကြသည့် Mother Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က ငွေကျပ် ၁၅ သိန်း၊ ကျော်သာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်က ငွေကျပ် ၁၅ သိန်းနှင့် စန္ဒီပရဆေးမှ ဦးသိမ်းမောင်က ငွေကျပ် ၃၆၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ အလှူရှင်များ လှူဒါန်းမှုကြောင့် ဝေဒနာရှင်များအနေဖြင့် အခမဲ့ကုသခံယူနိုင်ကြပြီဖြစ်သည်။

ထောက်ပံ့လှူဒါန်း

အဆိုပါ ရောဂါဝေဒနာရှင်များအတွက် ဝမ်းသာစရာကောင်းသည့် အချက်တစ်ရပ်မှာ ၎င်း ဆေးတက္ကသိုလ်ဆေးရုံသို့ ရောက်ရှိလာသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်အားလုံးအတွက် ခွဲစိတ်ကုသမှုကုန်ကျစရိတ်များကို ၎င်းအလှူရှင်များက ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

စိတ်အေးရပြီ

ယခင်က စီမံကိန်းတွင်မပါသောဝေဒနာရှင်များအတွက် အထောက်အပံ့မရသဖြင့် စိတ်မကောင်းဖြစ်ရကြောင်း၊ ယခုအခါ အဆိုပါ အလှူရှင်များက အားလုံးရောက်လာသမျှသော ဝေဒနာရှင်များအတွက် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်၍ နောင်ရေးအတွက် စိတ်အေးရပြီဖြစ်ကြောင်း ခွဲစိတ်ကုသပေးသည့် ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးကိုကိုမောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသမှုစရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ အမှာစကားပြောကြားစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျေးဇူးတင်ဝမ်းသာ

ယင်းဆေးရုံတွင် အာခေါင်ကွဲဝေဒနာရှင် အသက်(၂၉)နှစ်အရွယ်ရှိ ဒေါ်ရီရီဌေးက ပြောကြားရာတွင် "ယခုကဲ့သို့ အခမဲ့ ခွဲစိတ်ကုသပေးသဖြင့် နိုင်ငံတော်နှင့် အလှူရှင်များကို အထူးကျေးဇူးတင်ကြောင်း၊ အလွန်ဝမ်းသာမိကြောင်း၊ ခွဲစိတ်ပေးသော ဆရာဝန်ကြီးများအားလည်း အထူးကျေးဇူးတင်ပါကြောင်း" ဝမ်းသာအယ်လဲ ပြောကြားသည်။

ဘဝအလှတရား

သို့ဖြစ်ပေရာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် အလှူရှင်များ၊ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၏ ကြီးကြပ် ကူညီဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအခါ စိတ်အေးချမ်းသာစွာဖြင့် ဘဝအလှတရားကိုရရှိခံစားနိုင်ကြတော့မည်ဖြစ်ပါကြောင်း မုဒိတာပွားကာ ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

ပထမဆုံးရ ကီးဘုတ်ခလုတ်သုံး ရှူးဖိနပ်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဧပြီ ၄ ရက်က နိုင်ငံတကာအဝတ်အစားနှင့် လူသုံးကုန်ပစ္စည်းပြပွဲတစ်ရပ် ခင်းကျင်းပြသခဲ့သည်။ **အောက်ပုံ**မှာ ကွန်ပျူတာကီးဘုတ်မှ ခလုတ်များကို အသုံးပြုလျက် ရှူးဖိနပ်တစ်စုံပြုလုပ်ထားခြင်းကို လာရောက်ကြည့်ရှုသူများ တအံ့တသြကြည့်ရှုနေကြခြင်းဖြစ်သည်။

အဆိုပါ နိုင်ငံတကာ လူသုံးကုန်ပစ္စည်းပြပွဲသို့ ပြည်တွင်းပြည်ပမှ ကုန်အမှတ်တံဆိပ် ၁၀၀ ကျော် ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။ ကွန်ပျူတာကီးဘုတ်များမှ ခလုတ်များကို အသုံးပြုလျက် ရှူးဖိနပ်ပြုလုပ်ထားခဲ့ရာ ပထမဆုံးရရှိကြောင်း သိရသည်။ ယနေ့ခေတ်လူငယ်များ၏ တီထွင်ဆန်းသစ်မှုတစ်ခုဖြစ်ပြီး ကွန်ပျူတာနှင့် လူငယ်အကျွမ်းတဝင်ရှိနေခြင်းကို ပြသနေခြင်းဖြစ်သည်။

(ကိုးကား-အင်တာနက်)

ဂက်စ်တစ်မျိုးဖြင့် ပက်ဖျန်းမှု တိုကျိုဘူတာရုံမှ ခရီးသွားများ ဒဏ်ရာရရှိ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မီးရထားဘူတာရုံတစ်ရုံတွင် ခရီးသည်များအား အမျိုးအမည်မသိသော ဂက်စ်တစ်မျိုးဖြင့် ပက်ဖျန်းခံရခြင်းကြောင့် ဧပြီ ၆ ရက်က လူ ၁၀ ဦး ဝေဒနာခံစားရပြီး ဒဏ်ရာများရရှိခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ စစ်ဆေးမှုပြုလုပ်ရန် ရောက်ရှိလာခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းအဖွဲ့ကို ရဲတပ်ဖွဲ့က ခါးပိုက်နှိုက်သမားများဖြစ်နိုင်သည်ဟု ယူဆထားသည်။ ၎င်းတို့သည် ရဲများလိုက်၍ ထွက်ပြေးကြစဉ် ရဲများ၏လက်မှ လွတ်မြောက်ရန်အတွက် အနီးရှိခရီးသွားများကို ဂက်စ်တစ်မျိုးဖြင့် ပက်ဖျန်း၍ ထွက်ပြေးခဲ့ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များသည် အထူးဓာတုဗေဒဝတ်စုံများကို ဝတ်ဆင်၍ ဘူတာအတွင်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

ကလေးများစီးနင်းရန် စက်ဘီး

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ (၃၄)ကြိမ်မြောက် နိုင်ငံတကာ တီထွင်သူများ ပြပွဲတစ်ရပ်ကျင်းပခဲ့ရာ အိုင်ယာလန် တီထွင်ပညာရှင် မိုက်ကယ်ကီလ်လီယန် တီထွင်ထားသော စက်ဘီးကို စီးပြနေခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းစက်ဘီးကို ကလေးများအတွက် တီထွင်ထားခြင်းဖြစ်ပြီး လွတ်လပ်စွာဖြင့် စီးနင်းနိုင်ရန် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

ရှေ့ဘီးကို ညာဘက်လက်မှ လက်ကိုင်ကိုထိန်းထားပြီး နောက်ဘီးကို ဘယ်လက်ဖြင့် လက်ကိုင်ကို ထိန်းပေးကာ ခြေနင်းမှ လွတ်လပ်စွာဖြင့် နင်းနိုင်ရန် ဖန်တီးပြုလုပ်ထားခြင်းဖြစ်သည်။

(ကိုးကား-အင်တာနက်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မ ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်း၊ ဇနီးဒေါ်မာမာဝေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ကိုကိုးကျွန်းမြို့နယ် ဇိနမာရဇိန်စေတီတော်ကို ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်၊

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် သာသနာ့ပါလ ဓမ္မရက္ခိတဓမ္မာရုံ၌ ကိုကိုးကျွန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောဝိဒစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရဲတပ်ဖွဲ့စခန်း

ဆက်လက်၍ တိုင်းမှူးသည် ကိုကိုးကျွန်းမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ဝင်ရောက်စစ်ဆေးပြီး တိုင်းမှူးနှင့်ဇနီးတို့က တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ စားစရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် ရေဂါလန် ၈၀၀၀၀ သိုလှောင် ဖြန့်ဖြူးနိုင်မည့် ဖြိုးမင်္ဂလာသောက်သုံး ရေကန်တူးဖော်နေမှုကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

လမ်းတံတားကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေရှိ ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်အောင်ကျော်တံတားတည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ်ရဲတပ်ဖွဲ့စခန်း၏ ရေတွင်းတူးမှုကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ်ဆက်သွယ်ရေးစခန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

လေယာဉ်ပြေးလမ်း

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်ကို လည်းကောင်း၊ကိုကိုးကျွန်းမြို့နယ် လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းအား ပေ ၄၄၀၀မှ ပေ ၅၀၀၀အထိ တိုးချဲ့ဖောက်လုပ်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဖြင့် နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေဖတ်ရှုနိုင်မှုကို ကြည့်ရှုကြသည်။

စာအုပ်မျိုးစုံလှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံကို ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့် ထံပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဆေးရုံ၌ တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသည့် သံဃာတော်များနှင့် လူနာများအား လှူဒါန်းထောက်ပံ့ငွေများ ဆက်ကပ်ပေးအပ်ကြသည်။

စွမ်းရည်ပြသမှုကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်လေးများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးပြီး စားစရာမုန့်များ ဝေငှပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့်မြို့တော်ဝန်တို့သည် နယ်မြေခံတပ်ခန်းမ၌ စစ်သည်များနှင့် မိသားစုဝင်များအတွက် အမှတ်တရလက်ဆောင် စားစရာများ ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ မိသားစုစကားဝိုင်းအသွင်ဖြင့် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမြင့်မားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးကြသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မြို့နယ်အတွင်းရှိရပ်ကွက်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ကြရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံရယူပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဝတ်စုံများ၊ လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံတို့ကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းရေလှောင်တမံသို့ သွားရောက်၍ ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ရေလှောင်တမံအနီးရှိရေဂါလန် ၁၂၀၀၀ ဆံ့ သံကူကွန်ကရစ် ရေစင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းအနီးရှိ မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရစုပေါင်းစိုက်ပျိုးပေးကြပြီး ညနေ ၃နာရီတွင် ကိုကိုးကျွန်းမြို့နယ်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး ဆွေးနွေး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ ကိုကိုးကျွန်းမြို့နယ်တွင် မိသားစုစကားဝိုင်းအသွင်ဖြင့် ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးကြစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ကုသိုလ်ဖြစ်ပြေးဆွဲပေးမည်

ရန်ကုန် ဧပြီ ၆

လှိုင်သာယာမြို့နေ ဦးခင်အောင်-ဒေါ်ခင်မြင့်သူ မိသားစုက မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ/၂၉၁၅၊ ၁က/၇၀၈၀၊ ၆က/၇၇၁၅နှင့် ၅က/၃၂၀၉ ယာဉ်လေးစီးသည် ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် အခမဲ့ယာဉ်ဆိုင်းဘုတ်ချိတ်ဆွဲလျက် ၁၂၈ လိုင်း လှိုင်သာယာ-ဒဂုံဈေး အဝေးပြေး- အောင်မင်္ဂလာအဝေးပြေး၊ ၅၄ လိုင်း ပုဇွန်တောင်-အေဘီစီ-လှိုင်သာယာ-နည်းပညာတက္ကသိုလ်၊၁၂၉ လိုင်း လှိုင်သာယာ- မင်္ဂလာဈေးသို့ တစ်နေကုန် (၁၅)ကြိမ်မြောက် ကုသိုလ်ဖြစ် ပြေးဆွဲပေးမည်ဟု သိရသည်။ **(ဝ၄၆)**

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

နိုင်ငံတကာ အသိုင်းအဝိုင်းကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တစ်ရပ် တည်ထောင်မယ်ဆိုတာ ကတိကဝတ်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ့အပြင် လက်ရှိဆောင်ရွက် အကောင်အထည်ဖော်နေတဲ့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်မှလွဲပြီး တခြားနည်းလမ်း မရှိဆိုတာ အတိအလင်း ရှင်းရှင်းကြီး ပြောပြ ကြေညာခဲ့ပြီးပါပြီ။

တပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာရယူပြီးကတည်းက အကျပ်အတည်း အခက်အခဲအမျိုးမျိုးနဲ့ ကြုံခဲ့ရပါတယ်။ အဲဒီ့အကျပ်အတည်းတွေကိုလဲ အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တာချည်း ဖြစ်ပါတယ်။ အရင်လမ်းစဉ်ပါတီအစိုးရတုန်းက ချွတ်ခြုံကျခဲ့တဲ့ စီးပွားရေး အမွေကို ဆက်ခံခဲ့ရစဉ်မှာပဲ အနောက်အုပ်စုရဲ့ စီးပွားရေးပိတ်ဆို့မှုကို ရင်ဆိုင်ခဲ့ရတာပါ။ **ဒီလိုအခြေအနေမျိုးမှာတောင် တပ်မတော်အစိုးရဟာ သူတို့ရဲ့ မူလလမ်းကြောင်းဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပေါ်ထွန်းရေး၊ ဖြစ်ပေါ်လာတဲ့ အခြေခံဥပဒေအသစ်နှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ တက်လှမ်းရေးဆိုတဲ့ ပေါ်လစီကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားနိုင်ခဲ့တာတွေ့ရပါတယ်။ အဲဒီ့မူလလမ်းကြောင်းက ဆံခြည်တစ်မျှင်မျှပင် သွေဖည်သွားခြင်း မရှိခဲ့ဘူးဆိုတာကိုလဲ အတိတ်ကနေ ယနေ့အထိမြင်နိုင်ပါတယ်။**

ဆိုလိုတာကတော့ အခက်အခဲဆုံး အခြေအနေများကို ဖြတ်သန်းခဲ့စဉ်မှာတောင် ခိုင်ကျည်စွာ ဆုပ်ကိုင်ထားနိုင်ခဲ့တဲ့ မူဝါဒ လမ်းစဉ်တွေကို ဒီကနေ့လို ဖွံ့ဖြိုးမှုအသီးအပွင့်တွေ ခံစားနေရချိန်၊ ရလဒ်ကောင်းတွေဖြစ်ပေါ်နေချိန်မျိုးမှာ လက်လွှတ်သွေဖည်မှာလားဆိုတာ မေးစရာတောင်မလိုအောင် ရှင်းနေပါတယ်။ ဒါကို နိုင်ငံရေးလုပ်နေတဲ့၊ အစိုးရလုပ်ချင်နေတဲ့ အဖွဲ့အစည်းတွေက မသုံးသပ်နိုင်တာကိုတော့ အံ့သြရမလား၊ ဒါမှမဟုတ် အမှောင့်ပယောဂတွေ ဖုံးလွှမ်းနေလို့ မမြင်နိုင်တာလားလို့သာ မေးခွန်းပြန်ထုတ်ရကောင်းမလား စဉ်းစားမိပါတယ်။

ဒီနေရာမှာ တပ်မတော်အစိုးရဟာ ဒီမိုကရေစီသို့ ကူးပြောင်းရာမှာ တရွေ့ရွေ့တိုးတက်ဖြစ်ပေါ်စေခြင်းဆိုတဲ့ အီဗိုလူးရှင်းကို ဦးတည်ထားနေပြီး အင်န်အယ်လ်ဒီအပါအဝင် အတိုက်အခံတွေကတော့ တော်လှန်ပြောင်းလဲခြင်း ရီဗော်လူးရှင်းကို ဦးတည်နေတယ်လို့ သုံးသပ်ကြရမှာဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ဟာ အီဗိုလူးရှင်းရဲ့ အဆင့်များဖြစ်တယ်ဆိုတာကို လက်ခံထားကြဖို့ လိုပါတယ်။ ရီဗော်လူးရှင်းကို မည်သည့်အာဏာရအစိုးရကမျှ နှစ်သက်ခြင်းမရှိနိုင်သည်မှာလဲ သဘာဝတရားတစ်ခုဖြစ်တယ်ဆိုတာ နားလည်ကြဖို့ သင့်ပါတယ်။

ကြေညာချက်မှာ မြန်မာနှစ်ဆန်းတစ်ရက်၊ ဧပြီလ ၁၇ ရက်နေ့အတွင်း **အကောင်အထည်ဖော်ရန်ဆိုတဲ့ အချက်ကတော့ အစိုးရကို ပြန်ပြီး ရာဇသံပေးသလိုမျိုးဖြစ်နေပြီး စည်းရုံးရေးစွမ်းရည်ညံ့ဖျင်းလှ၊ ဒီပလိုမေစီကင်းလှတဲ့ တောင်းဆိုချက်လို့ပြောရမှာ ဖြစ်ပါတယ်။ အစိုးရတစ်ရပ်ဆိုတာ လူသားများနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်အစိုးရကိုပဲ လေ့လာလေ့လာ လူတွေရဲ့ အခြေခံကျတဲ့ စိတ်ပိုင်းဆိုင်ရာ ပြုမူတုံ့ပြန်နိုင်မှုတွေကို ထည့်မတွက်လို့ မဖြစ်နိုင်ပါဘူး။ လက်ရှိအစိုးရဟာ အကျပ်ကိုင်တောင်းဆိုမှုများကို ကောင်းစွာ ကျော်လွှားနိုင်စွမ်းတယ်။ အကျပ်ကိုင်တောင်းဆိုလေလေ၊ လိုက်လျောဖို့ ပိုဝေးလေဖြစ်တတ်တယ်ဆိုတာ အတိတ်မှာ သက်သေအများကြီးပြခဲ့ပြီးလဲ ဖြစ်ပါတယ်။**

အဲဒီတော့ အင်န်အယ်လ်ဒီရဲ့ ပြည်ထောင်စုနေ့ အထူးကြေညာချက်ကို ခြုံငုံသုံးသပ်ကောက်ချက်ဆွဲကြည့်ရင်တော့ လက်ရှိဖြစ်စဉ်များ၊ ဖြစ်ပေါ်တိုးတက်မှုများနဲ့ မကိုက်ညီ၊ လက်တွေ့အခြေအနေများနဲ့လဲ ကင်းကွာနေတဲ့ ထူးမခြားနား ကြေညာချက်မျိုးမျှသာ ဖြစ်တယ်လို့ မြင်တွေ့နိုင်ပါတယ်။ တေးသီချင်းအဟောင်းကြီးကို အကြားအာရုံအပြောင်းအလဲဖြစ်အောင် သံစဉ်ပြောင်းပြီး တီးခတ်ဆိုပြလိုက်သလိုမျိုးလို့လဲ ပြောနိုင်ပါတယ်။

မြန်မာပြည်သူပြည်သားတွေရဲ့ အကျိုးစီးပွားကို တကယ်ဦးထိပ်ပန်ဆင်ချင်တယ်ဆိုရင်တော့ ပါတီအစွဲ၊ ပုဂ္ဂိုလ်အစွဲတွေဖျောက်၊ အာဃာတတွေဖယ်ရှားကာ လက်တွေ့ကျပြီး အမှန်တကယ်ခရီးရောက်မယ့် လမ်းကိုသာရွေးရမှာဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းကတော့ တခြားမဟုတ်ပါ။ တပ်မတော်အစိုးရက ဘယ်လိုအခြေအနေရောက်ပါစေ မလွတ်တမ်းဆုပ်ကိုင်ထားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့်(၇)ဆင့်ဆိုတဲ့ လမ်းကြောင်းပဲဖြစ်ပါတယ်။ အင်န်အယ်လ်ဒီအနေနဲ့ အတိတ်က သင်ခန်းစာတွေကိုကောင်းစွာ ယူနိုင်ပြီး တပ်မတော်အစိုးရရဲ့ ဦးဆောင်ဦးရွက်ပြုမှုနဲ့အတူ ကျန်တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ အပါအဝင် အလွှာအသီးသီး၊ နိုင်ငံရေးအင်အားစုအသီးသီးက ကြိုးစားအကောင်အထည်ဖော်နေတဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးခြင်းအစ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေးအလယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာရေးအဆုံး အမျိုးသားနိုင်ငံရေး အသွင်ကူးပြောင်းမှု လမ်းကြောင်းကြီးထဲ အများနည်းတူ လိုက်ပါခြင်းဖြင့်သာ Win-Win ဆိုတဲ့ အခြေအနေသစ်တစ်ရပ်ကို တိုးတက်ဖန်တီးနိုင်မှာဖြစ်ကြောင်း စေတနာဖြင့် တိုက်တွန်း ရေးသားလိုက်ရပါတယ်။ ။

■ *ကျောဖုံးမှ*

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုးက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ရော်ဘာ ၅၁၉၃၁ဧကစိုက်ပျိုးပြီးစီးမှု ယခုနှစ်တွင်ရော်ဘာပျိုးပင်သိန်း၅၀ပျိုးထောင်ထားရှိမှုနှင့် ရော်ဘာ ဧက ၂၃၈၀၀ တိုးချဲ့ စိုက်ပျိုးမည့် အခြေအနေများ၊ ငရုတ်ကောင်းနှင့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အစီအစဉ်များကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကျောက်တိုင် မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း မန်နေဂျာ ဒေါ်ခင်အေးချို့က ၂၀၀၅-၂၀၀၆ခုနှစ်တွင် လင်ဇီးမှိုခြောက် ၈၉ ဒသမ ၄၁ ပိဿာ၊ ငွေနှင်းမှိုအစို၊ အခြောက်နှင့် ကြွက်နားရွက်မှို ၂၄၉၇ ဒသမ ၉၇ပိဿာ စိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိုက်ပျိုးရေးစီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ သီးနှံမျိုးကောင်းမျိုးသန့် ရရှိစေရန် မျိုးပွားပုံနည်း စနစ်မှန်ကန်စေရေး၊ ခြံစည်းရိုးကြက်ဆူပင်များ ကိုင်းဖြတ်ပြုပြင်ပြောင်းလဲပုံ မှန်ကန်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဆေးဖက်ဝင် လင်ဇီးမှို စိုက်ပျိုးထားမှု၊ လင်ဇီးမှိုစိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်များ၊ ကတ်တီမိုး ကော်ဖီပျိုးပင်များ၊ လင်ဇီးမှို၏ထူးခြားသော ဆေးဖက်ဝင်မှုများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေး ကြသည်။

တိုးချဲ့စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျောက်တိုင်ခြံခွဲအတွင်း တစ်နှစ်သားအရွယ် ကတ်တီမိုး ကော်ဖီပျိုးပင် ၁၄၁၂၀၀ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ပဲခူးတိုင်းအနေဖြင့်ကော်ဖီသီးနှံကို ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၁၄၀၂ဧက၊ ကရင်ပြည်နယ် သံတောင်မြို့နယ်တွင် ၇၃၂၇ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးရန်အတွက် ကတ်တီမိုးကော်ဖီပျိုးပင် ၁၄၀၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး ဖြစ်သည်။ ရော်ဘာ အနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၅၁၉၃၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၂၀၀၆-၂၀၀၇ခုနှစ်တွင်၂၃၈၀၀ ဧက တိုးချဲ့စိုက်ပျိုးမည် ဖြစ်သည်။

လျာထားဆောင်ရွက်

ခြံစည်းရိုးကြက်ဆူပင်ကို ယခုနှစ်တွင် ဧက ၁၀၀၀၀ကျော် စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ထားရှိပြီးဖြစ်ကာ ငရုတ်ကောင်းသီးနှံအား ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက ၁၇၀၀ စိုက်ပျိုးပြီးဖြစ်၍ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက၂၅၀၀အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး စစ်တောင်းမြစ် အရှေ့ဘက်ခြမ်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၊ သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်း ဖောက်လုပ်မှုနှင့် ထုံးဘိုကြီး ကျေးရွာနှင့် ကရင်ချောင်းတံတားကြားရှိ မိုင်တိုင်အမှတ်(၃၁/၆)၌ စက်ယန္တရားများဖြင့်ကျောက်လမ်းခင်းကျင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့သည် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်းလုပ်ငန်း၊ သစ်ကြိမ်း-ထုံးဘိုကြီးလမ်းအပိုင်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးစန်းမော်ခင်က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊သစ်သားတံတား ၁၅ စင်းနှင့် ရေပြွန်တံတား ၃၂စင်းတည်ဆောက်ပြီးစီးမှု၊စက်ယန္တရားများအသုံးပြုနိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြေသားလမ်းမြှင့်တင်မှုကို မိုးမကျမီ အပြီးသတ်ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးအောင် တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရှည်ပေ ၁၅၀ အကျယ်၁၄ပေရှိ ကရင်ချောင်းတံတား ကွဲ့ခိုင်ကောင်းမွန်မှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင် အမှတ်(၂၂/၅)တွင် စက်ယန္တရားများဖြင့် မြေညှိခြင်း၊ တာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရေတာရှည်မြို့နယ် နဂျပ်ကျေးရွာအုပ်စု၌ ဒေသတွင်းချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် နွေစပါး မနောသုခ၊ သုခရင် ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်သီးစား၊ နှစ်သီးစားမှသည် သုံးသီးစားအထိ ရာသီပတ်လုံး သီးနှံများ စိုက်ပျိုးကြရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အတူ ရေတာရှည်မြို့နယ်ရှိ နဂျပ်ချောင်းရေမြှင့်အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နဂျပ်ချောင်း ရေမြှင့်အဆောက်အအုံမှာ ကျောက်ဖြည့်အဆောက်အအုံ အမျိုးအစားဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ရေတာရှည်မြို့နယ် နဂျပ်ချောင်းဒေသတွင် လယ်မြေဧက ၁၀၀၀ ကျော်ကို နွေစပါးစိုက်ပျိုးနိုင်မည့်အပြင် မိုးစပါးအောင်ရေလိုအပ်ပါကလည်း ရေပေးသွင်းနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းပိုင်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုပြီး နဂျပ်ချောင်းတံတားနှင့် ရေငန်ချောင်းတံတားတည်ဆောက်နေမှု မိုင်တိုင်အမှတ်(၁၄/၇)တွင် စက်ယန္တရားများဖြင့် ကျောက်လမ်းခင်းကျင်းဆောင်ရွက်နေမှု၊ ဝွေးသဲတံတား၊ ပိုင်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အတက်ကြီးရွာအနီး မိုင်တိုင်အမှတ်(၁၀)တွင် လမ်းဆင်ခြေလျှောနိမ့်ချဖောက်လုပ်မှုနှင့် ရေပြွန်တံတားတည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာတာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းအတွင်းရှိခရိုင်ချင်းဆက်လမ်းအမှတ်(၂)၊ သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်းသည် စစ်တောင်းမြစ်အရှေ့ဘက်အခြမ်းတွင် ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည်၃၃မိုင် ၆ ဖာလုံရှိလမ်းဖြစ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် အပြီးသတ် ဖောက်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးနေဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဧပြီ ၇

နော်ဝေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် မတ် ၂၃ ရက်တွင် အော်စလိုမြို့၌ နော်ဝေးနိုင်ငံ ပဥ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တြိဂံဒေသတိုင်း စစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်မှူးကြီး အေးလင်းက ရော်ဘာပျိုးခင်းများ စိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရော်ဘာပျိုးခင်းများနှင့် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဘက်စုံမွေးမြူရေးခြံအတွင်း ရော်ဘာပျိုးထောင် စိုက်ပျိုးထားမှုအခြေအနေ၊ ကျိုင်းတုံကောလိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် တောင်ကုန်းများတွင် ရော်ဘာနှင့် ကြက်ဆူပင် စိုက်ပျိုးမည့် အစီအစဉ်၊ ကျိုင်းတုံ-တာချီလိတ် လမ်းဘေးဝဲယာတို့၌ ရော်ဘာနှင့် နေကြာများ စနစ်တကျ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေ၊ နွေစပါး၊ သရက်၊ သံပရာ၊ ကြက်ဆူပင်အပါအဝင် စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် မြေယာဖော်ထုတ်မှု၊ တပ်ရင်းတပ်ဖွဲ့များအတွက် PRIM-623 အမျိုးအစား ရော်ဘာပင် ၄၆၄၆၀ ပင် ပျိုးထောင်ထားရှိမှု အခြေအနေ၊ T-774ရော်ဘာမျိုးမှ ကိုင်းပွားပင် ၄၈၀၀ ကို အဆင့်ဆင့် ကိုင်းကူးမျိုးပွား ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

စီမံဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၀၀၅-၂၀၀၆ ခုနှစ်၌ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပုဂ္ဂလိကများ၏ ရော်ဘာစိုက်ပျိုးပြီးစီးမှုအခြေအနေမှာ ကျိုင်းတုံခရိုင်၌ ၁၉၈၈ဧက၊ မိုင်းဆတ်ခရိုင်၌ ၅၁၂ဧက၊ မိုင်းဖြတ်ခရိုင်၌ ၂၀၀၆ဧက၊ တာချီလိတ်ခရိုင်၌ ၂၅၇ဧက စုစုပေါင်း ၇၃၆၃ ဧက စိုက်ပျိုးပြီးဖြစ်သည်။ဆက်လက်၍ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၅၀၉၈၆ ဧကနှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၄၁၆၅၁ဧက နှစ်စဉ်တိုးချဲ့၍ စုစုပေါင်း ရော်ဘာဧက တစ်သိန်းအထိ စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဘက်စုံစိုက်ပျိုးမွေးမြူ ရေးခြံအတွင်းရှိ တီလားပီးယားငါးများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ နံနက် ၈နာရီ မိနစ် ၅၀တွင် တာချီလိတ်မြို့သို့ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာ၍ ကျိုင်းတုံ-မိုင်းဖြတ်- တာချီလိတ်လမ်းပိုင်း အခြေအနေ၊ နွေစပါးများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၈၅ ပေရှိ တာချီလိတ်မြို့သို့နံနက် ၉နာရီခွဲတွင် ရောက်ရှိရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာချီလိတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

မွန်းလွဲ ၂နာရီတွင်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှတပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် တာချီလိတ်ခရိုင်သည်အရေးပါသည့် နယ်စပ်ဒေသဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် မိမိဇာတိရပ်ရွာကဲ့သို့ သဘောထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထား လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း။

အလေးထားဆောင်ရွက်

တာချီလိတ်ခရိုင်သည် မိုးစပါး၊ နွေစပါးများတိုးတက်ဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်းတွေ့ရ၍ ဝမ်းသာကြောင်း၊ ဒေသဝမ်းစာ ဖူလုံရေးကို အထူးအလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဒေသစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ နှစ်ရှည်ပင် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို ဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်နယ်ရုံးစိုက်ရာမြို့တွင် တစ်လတစ်ကြိမ် ဆန္ဒဖော်ထုတ်ပွဲ အစည်းအဝေး ပုံမှန်ကျင်းပကြရန်လိုကြောင်း။

အောင်မြင်ဖြစ်ထွန်း

ယခုလိုဌာနဆိုင်ရာ တာဝန်ရှိသူများ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများ အောင်မြင်ရေး တက်ညီလက်ညီ ကြိုးစားကြ၍ နိုင်ငံတော်၌ စီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

သို့ပါ၍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအားရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ တာချီလိတ် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိ၍ လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေ၊ ဆီမီး အမွှေးနံ့သာများကို ဆက်ကပ်လှူဒါန်းကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် တာချီလိတ်လေဆိပ်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က တာချီလိတ် လေဆိပ်နှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ထားဝယ်ရိုးရာ သင်္ကြန်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ရိုးရာသင်္ကြန်နှင့် ရိုးရာမုန့်မျိုးစုံကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ကြာသပတေးနေ့ နံနက် ၈နာရီမှ ၁၀နာရီအထိ အမှတ်(၈၂၈) မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ် ထားဝယ်အသင်းတွင်ကျင်းပမည်ဖြစ်ရာ ထားဝယ်သူ၊ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများ ကြွရောက်ချီးမြှင့်ကြရန် အမှုဆောင်ကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့နယ် (၃၄/၃၅)မိုင်ကြားလမ်းပိုင်း စက်ယန္တရားများဖြင့် ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ***ရှေ့ဖုံးမှ***

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မလိခမြစ်နဘေး တီယန်ဇွတ်ကျေးရွာထိပ်မှ မလိခမြစ်အတွင်း စက်လှေများ ခရီးသည်ပို့ဆောင်နေမှုကို ကြည့်ရှုပြီး ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီခွဲတွင် ဆွမ်ပရာဘွမ်မြို့နယ် ခတ်ခရားယန်ကျေးရွာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်တိုင် (၉၄)မိုင်ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းဘေးရေမြောင်းများ ဖောက်လုပ်ရေး၊ ရေပြွန်-တံတားများ တည်ဆောက်ရေးလမ်းကြောင်း နေရောင်ရရှိရေး၊ လမ်းများရေရှည် တည်တံ့ခိုင်မြဲရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်ရေး၊ ယခုလမ်းဖောက်လုပ်ထားမှုမှာ ကောင်းမွန်ကြောင်းနှင့်ထို့ထက်ပိုမိုကောင်းမွန်အောင် တာဝန်ယူဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများအနေဖြင့် အထူးကြိုးစားပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၉၄)မှ ပြန်လည်ထွက်ခွာလာရာ နံနက် ၁၁နာရီခွဲတွင် ဆွမ်ပရာဘွမ်မြို့နယ် ဒရှုးခကျေးရွာ မိုင်တိုင် (၇၆) ရှိ ဒရှုးခတံတား အခြေအနေနှင့် မိုင်တိုင်(၇၃)၌ စက်ယန္တရားများဖြင့် လမ်းချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် မိုင်တိုင်(၅၃)ရှိ တီယန်ဇွပ်တံတားသို့ရောက်ရှိပြီး တာဝန်ရှိသူများအား တံတားကို ဖြတ်သန်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ တံတား ရေရှည်တည်တံ့ခိုင်မြဲရန် ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကာ တံတားအနီး ယန္တရားများဖြင့် လမ်းချဲ့ထွင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် မြစ်ကြီးနားမြို့နယ် အင်ဇွပ်ရွာထိပ် မိုင်တိုင်(၄၁) ရှိ အင်ဇွပ် တံတား သို့လည်းကောင်း၊ မိုင်တိုင်(၃၅နှင့် ၃၆)အကြားရှိ ဖုံအင်ခတံတားသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖုံအင်ခတံတားမှာ တန်ဖရဲမှ မိုင်တိုင်(၇၃)အတွင်းအရှည်ဆုံးတံတား ဖြစ်ပြီး ဘေလီတံတားအမျိုးအစားဖြစ်၍ အလျား ၂၇၅ ပေ ရှည်ကာ တံတားခံနိုင်ဝန်မှာ ၁၃တန် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ (၃၄/၃၅) မိုင်ကြားလမ်းပိုင်းသို့ရောက်ရှိကြပြီး လမ်းဖောက်လုပ်မှုလုပ်ငန်း၊ မြေသယ်မြေဖို့မှု၊ ကျောက်ခင်းနေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် မြစ်ကြီးနားမြို့နယ် ဝိုင်ရှီခလမ်း (၃၁/၀)မိုင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဂျိတ်လန်း မြန်မာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်နှင့် စီမံကိန်းအင်ဂျင်နီယာ ဦးတင်မြင့်တို့က မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း ၎င်းတို့တာဝန်ယူဖောက်လုပ်နေသော လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တန်ဖရဲမှ ကယွန်တူ မိုင်တိုင် (၂၇/၀)မိုင်မှ (၇၃/၀)မိုင်အထိ ၄၆မိုင်ကို ဂျိတ်လန်း ကုမ္ပဏီလီမိတက်က လည်းကောင်း၊ ကယွန်တူမှ ဆွမ်ပရာဘွမ် မိုင်တိုင် (၇၃/၀)မိုင်မှ (၁၃၂/၀)မိုင်အထိ ၅၉မိုင်ကို ဖားကန့်ကျောက်မျက်ကုမ္ပဏီလုပ်ငန်းရှင်များကလည်းကောင်း၊ ဆွမ်ပရာဘွမ်မှ ဆွမ်ပီယန် မိုင်တိုင်(၁၃၂/၀)မိုင်မှ (၁၇၀/၀)မိုင်အထိ ၃၈မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းအထူးအဖွဲ့ (၆)ကလည်းကောင်း၊ ဆွမ်ပီယန်မှ ပူတာအို မိုင်တိုင်(၁၇၀/၀)မိုင်မှ (၂၁၈/၀)မိုင်အထိ ၄၈မိုင်ကို ပူတာအိုပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် နယ်မြေခံ တပ်နယ်တို့ကလည်းကောင်း လမ်းပိုင်းအလိုက် တာဝန်ယူ တိုးချဲ့ပြု ပြင် ဖောက်လုပ်ကြကြောင်း သိရသည်။

ခုနစ်နာရီခရီး

ယခုအခါ မြစ်ကြီးနား-ဆွမ်ပရာဘွမ်ခရီးမိုင် ၁၃၂မိုင်အနက် မိုင် ၁၂၀တိုးချဲ့ ပြုပြင်ပြီးစီးပြီး ၁၂မိုင်သာ တိုးချဲ့ရန်ကျန်ရှိပြီး ချဲ့ထွင်ပြီးလမ်းများတွင်လည်း ကျောက်ကြမ်းခင်းလျက်ရှိသည်။ ယခင်ကမြစ်ကြီးနား-ဆွမ်ပရာဘွမ်အား ညအိပ်ခရီးသွားရသော်လည်းယခုအခါ ခုနစ်နာရီခရီးဖြင့် သွားလာနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အလက (၂) ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၆

ဒဂုံမြို့နယ် အလက(၂)၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ရက် (အလုပ်သမားနေ့)နံနက် ၉နာရီတွင် အလက(၂) ဒဂုံသူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဆရာမကြီးဒေါ်စန်းတင့် ဖုန်း-၃၇၉၁၇၈၊ သီတဂူကိုနိုင်ဦး ဖုန်း-၅၉၁၉၉၉၊ ၅၉၀၅၉၀၊ ဆရာမဒေါ်စန်းစန်းဝေ ဖုန်း-၅၅၈၁၆၈၊ ကိုသန်းဝင်း ဖုန်း-၃၈၂၂၃၅၊ ၂၄၂၃၁၀ နှင့် ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၈၀-၂၄၀၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

✡ ***ကျော့ဖုံးမှ***

ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့်ထွက်ခွာလာကြရာ ဒလမြို့သို့ ရောက်ရှိကြပြီး ထိုမှတစ် ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ မိဘဂုဏ်ခန်းမ အလှူရှင် ဦးထွန်းကြိုင်တို့က မိဘဂုဏ်ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူအစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်တို့ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့် ပျိုးပင် တို့ကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ခြံစည်းရိုးကြက်ဆူပျိုးပင် အပင် ၃၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေသည်ကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ရှေးဦးစွာ မိဘဂုဏ်ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ မိဘဂုဏ်ခန်းမ အလှူရှင် ဦးထွန်းကြိုင်က ဘိုးဘွားရိပ်သာ ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေများလက်ခံ

ယင်းနောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်တင်-ဒေါ်တင်တင်ဝင်း မိသားစု၏ လှူဒါန်းငွေကျပ် ၁၄ သိန်း၊မောင်မင်းထက်ကျော်-မမြပွင့်ဖြူမိသားစု၏ လှူဒါန်းငွေကျပ်ခြောက်သိန်းနှင့် မောင်စစ်နိုင်ထွန်း-မငြိမ်းချမ်းသူတို့၏ လှူဒါန်းငွေကျပ် ငါးသိန်းတို့ကိုလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မဆုမွန်မောင်မောင်၊ မိုးမြင့်မောင်မောင်၊ မောင်နေဝင်းသိန်း၊ မောင်ဖြိုးဝင်းသိန်းနှင့် ဦးဘသက်-ဒေါ်ခင်ရီတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးအုံးလှိုင်-ဒေါ်လှလှရီ၊ ဒေါက်တာသန်းထွဋ်အောင်-ဒေါ်ယဉ်မော်ဦး၊ ဦးစိုးမင်း မိသားစု၊ ဦးကျော်တင့်-ဒေါ်ခင်မုန်း၊ ဦးအေးဖရင့်-ဒေါ်ရီစီ၊ ဦးလှခိုင်-ဒေါ်အေးမြိုင်၊ ဦးဘိုရှိ-ဒေါ်အေးအား အမှူးထား၍ သမီး ဒေါ်သန်း၊ ဒေါ်ရှမ်းနှင့် ဒေါ်တင် မိသားစုတို့က ငွေကျပ် နှစ်သိန်းစီနှင့် ဦးကိုးမောင်-ဒေါ်မြသန်း၊ ဦးအောင်မြင့်ကျော်- ဒေါ်ခင်ခင်ဥ၊ ဦးကျော်သန်း (ဓာတ်ပုံ)မိသားစု၊ ဦးဝင်းကျော်-ဒေါ်ခင်မြ၊ ဦးစိန်မောင်-ဒေါ်စန်းစန်းအေး၊ ဦးစန်းဝင်းအောင်- ဒေါ်ဝင်းဝင်းမြင့်၊ ဦးဘာလဲယားမိသားစုနှင့် ဦးအုန်းကြွယ် မိသားစုတို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြိုင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိဘဂုဏ်ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မိဘဂုဏ်ဘိုးဘွားရိပ်သာဝင်း အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ကျင်းပရာ

(ကြည့်ရှုအားပေး ဆက်ရန် အထက်ပါ ကော်လံတွင်)

ယနေ့အလှူရှင်၂၂ဦးတို့ကလှူဒါန်းသည့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၆၄သိန်းဖြစ်ကြောင်း သိရသည်။

တွံတေးတံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီးရှိ တွံတေးတံတားတည်ဆောက်ရေးစီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ရှင်းလင်းဆောင်၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က တံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားကြမ်းခင်း ကွန်ကရစ်လောင်းပြီးစီးမှု၊ တံတားဘေး လက်ရန်းတိုင်များ ပြီးစီးမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြိုးပမ်းနေ

တွံတေးတံတားမှာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ရာခိုင်နှုန်းပြီးစီးနေပြီး ဧပြီလကုန်တွင်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ တွံတေးတံတားမှ နံနက် ၈နာရီ ၄၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပူပိုင်းဒေသ သစ်တောစိုက်ခင်းများစစ်ဆေး ကျေးရွာအလိုက် သစ်ပင်များစိုက်ပျိုးအောင် စည်းရုံးသွားရန်မှာကြား

ရန်ကုန် ဧပြီ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အဖွဲ့သည် ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် တုရင်တောင်အနီး မြကန်ဆည်တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့က မြကန်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တုရင်တောင်၌ ကွန်တိုဘန်းဖြင့် အပင်ကြီးများ စိုက်ပျိုးထားရှိမှုကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သစ်ပင်များစိုက်ပျိုးအောင်စည်းရုံး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြေသင်းတွင်းကြိုးပြင် ကာကွယ်တော၌ ဂျပန်နိုင်ငံ JICA နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဒေသ သစ်တောစိုက်ခင်း စီမံကိန်းသို့ရောက်ရှိရာ ညောင်ဦးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဇော်နှင့် ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်တို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ဂျပန်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး စီမံကိန်းအပိုင်း(၂)ရှိ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် စိုက်ခင်းဧက ၄၅၀ကို စစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးက အနီးဝန်းကျင်ရှိ ရွာသားများအား ကျေးရွာလိုက် သစ်ပင်များစိုက်ပျိုးအောင် စည်းရုံးသွားရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ရန် မှာကြားသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် တင်ဝင်းထွန်းကုမ္ပဏီက တည်ဆောက်နေသည့် သစ်အခြေခံစက်ရုံ (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ပြီး ဝန်ကြီးက စက်ရုံအမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ကျေးရွာများမှ အလုပ်သမားများရှာဖွေစုဆောင်း၍ ကြိုတင်သင်ကြားလေ့ကျင့်ပေးထားရေး၊ အောင်မြင်နေသည့် စက်ရုံများကို သွားရောက်လေ့လာပြီး ပြည်ပဈေးကွက်ရရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၅) အထပ်သားစက်ရုံသို့သွားရောက်ပြီးစက်ရုံအတွင်း စက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၁) သစ်ပါးလွှာစက်ရုံသို့ ရောက်ရှိရာ စက်ရုံနှင့် အကျိုးတူဆောင်ရွက်သည့် Wood Land ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က စက်ရုံအတွင်း ရှင်းလင်းပြသပြီး ဝန်ကြီးက သစ်ပါးလွှာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပျိုးထောင်ထားရှိ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ချောင်းဦးမြို့နယ် ရေပိုးစားပျိုးဥယျာဉ်နှင့် စစ်ကိုင်းမြို့ ကောင်းမှုတော်ပျိုးဥယျာဉ်တို့သို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်၊ တမာပင်နှင့် ယူကလစ်ပင်များ မိုးရာသီတွင် စိုက်ပျိုးနိုင်စေရန် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၄ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့သစ်လုပ်ငန်းရုံး၌ မန္တလေးမြို့မှ သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများအား လုပ်ငန်းများကို စေတနာရှိရှိ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာ ဆောင်ရွက်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ၁၅နိုင်ငံနှင့်ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃နိုင်ငံ စုစုပေါင်း၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၁၀၅ဦးအသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ် ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများ ရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ ခြံမှ ရောဂါနမူနာပေါင်း၄၆၀ ခုကိုစစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ် ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ ၁ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ် ဧပြီ၂ရက် အထိ ကြက်ခြံ ၃၀၇ခြံ၊ ငုံးခြံ ၁၀၂ခြံမှ ကြက်ကောင်ရေ ၂၁သမ၄သိန်း၊ ငုံးကောင်ရေ ၂၁သမ၃သိန်း၊ ကြက်ဥ ၀၁သမ ၉သိန်း၊ ငုံးဥ ၀ ၁သမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံးမွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်း ရှာဖွေစစ်ဆေးခြင်းများစသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှု ဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက်သေဆုံးမှု များလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

မွန်ပြည်နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်စွာဘုရားကြီး ရုပ်ပွားဆင်းတုတော်များ လုံးတော်ပြည့် ရွှေသင်္ကန်းကပ် အလှူတော်ငွေ ကျပ်၃၉၂၇၀၀ကို သိမ်ကြီးဈေး အေရုံ၊ ဘီရုံ၊ သာသနာ့ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်လင်၊ ဦးသိန်းထွန်းတို့ကလှူဒါန်းခြင်း၊မွေ့ပူဇာအလှူတော်ငွေ ကျပ် ၁၀၀၀၀ ကို အတွင်းရေးမှူး ဦးအေးမြင့်က လှူဒါန်းရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က လက်ခံယူစဉ်။
(က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်း အကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချစားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိမွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင် ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေးဒိုင်များသို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
(ခ) ကြက်၊ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်။

၇။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကွန်ပျူတာနည်းပညာသင်တန်းများ တိုးတက်ပေါ်ထွန်းလာမှု လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းအထောက်အကူပြု

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၆

ကွန်ပျူတာနည်းပညာများ ကမ္ဘာနှင့်အဝန်း ထိုးဖောက်ကျယ်ပြန့်စွာ အသုံးပြုလာချိန်တွင် ဂရပ်ဖစ်ဒီဇိုင်းနှင့်အထူးပြုလုပ်ချက်နည်းပညာများသည် စာနယ်ဇင်းနယ်ပယ်တွင် အသုံးများလာသည့် ကွန်ပျူတာနည်းပညာတစ်ရပ်ဖြစ်လာသည်။

ရုံးလုပ်ငန်းသုံး အဓိကအရေးပါသော စာစီ၊ စာရိုက်ခြင်း၊ စာရင်းဇယားဆိုင်ရာ ဇယားကွက်များ တည်ဆောက်ပြီး တွက်ချက်မှုများပြုလုပ်ခြင်းမှ စပြီး ဂရပ်ဖစ်နည်းပညာများကို အထူးသင်တန်းများ ဖွင့်လှစ်သင်တန်းပို့ချနေသော သင်တန်းတစ်ခုမှာ ပန်းဆိုးတန်းလမ်းအလယ်ဘလောက်ရှိ Forever Group ဖြစ်သည်။

ကွန်ပျူတာနည်းပညာများ ယနေ့လူငယ်လူရွယ်များအား လက်ဆင့်ကမ်းအမွေပေးနေသော (Forever Group)သို့ မြန်မာ့အလင်းက ဧပြီ ၆ ရက်က သွားရောက် လေ့လာမေးမြန်းခဲ့သည်။

၂၂၀၀၀ ကျော်

ရှေးဦးစွာ အဆိုပါ ကွန်ပျူတာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်လေးက "ကွန်ပျူတာနည်းပညာလေ့လာမှု လက်တွေ့သင်တန်းများကို ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလမှစပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၂၀၀၆ ခုနှစ် ယနေ့ကာလအထိ ကျောင်းသားဦးရေ ၂၂၀၀၀ ကျော်ကို ကွန်ပျူတာနည်းပညာများ သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ဦးစွာပြောကြားသည်။

ဂရပ်ဖစ်

"ဂရပ်ဖစ်ဒီဇိုင်းနှင့် အထူးပြုလုပ်ချက် နည်းပညာကျွမ်းကျင်သင်တန်းကို လေးမျိုးလေးစားခွဲ၍ သင်တန်းများပို့ချပေးနေကြောင်း၊ ယင်းတို့မှာ လုပ်ငန်းခွင်ကျွမ်းကျင် ဒီဂျစ်တယ် ဂရပ်ဖစ်ဒီဇိုင်းသင်တန်း၊ ဒီဂျစ်တယ် ဗီဒီယိုအထူးပြုလုပ်ချက် ကျွမ်းကျင်သင်တန်း၊ ဝက်ဘ်စာမျက်နှာ ရေးသားခြင်း ကျွမ်းကျင်သင်တန်းနှင့် သုံးဖက်မြင်ဒစ်ဂျစ်တယ် ဓာတ်ကောင် လှုပ်ရှားမှုနှင့် အထူးပြုလုပ်ချက် နည်းပညာ ကျွမ်းကျင် သင်တန်းများဖြစ်ကြောင်း" ၎င်းက ဆက်လက်ပြောကြားသည်။

"ကုမ္ပဏီနှင့် ရုံးလုပ်ငန်းများတွင် စာစီ စာရိုက်မှစပြီး လုပ်ငန်းများကို ကွန်ပျူတာအသုံးချနေပြီဖြစ်၍ လုပ်ငန်းခွင်ဝင်နိုင်ရန်အတွက် ရည်ရွယ်ပြီး တက်ရောက်ရခြင်းဖြစ်၊ ဒီခေတ်မှာ ကွန်ပျူတာအသုံးချခေတ်ဖြစ်လာပြီဖြစ်၍ လူငယ်တစ်ယောက်အနေဖြင့် မဖြစ်မနေ တက်ရောက်သင်ကြားရခြင်းဖြစ်၊ ဒီထက်အဆင့်မြင့်တန်းများလည်း ဆက်လက်တက်ရောက်ရန် အစီအစဉ်ရှိ" (မသဉ္ဇာအောင်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သင်ကြားပို့ချနေ

အဆိုပါ ကွန်ပျူတာသင်တန်းကျောင်းတွင် ရုံးလုပ်ငန်း၌ အဓိကအရေးပါသော စာစီစာရိုက်နှင့် စာရင်းဇယားတည်ဆောက်နိုင်သည့် Office Operating Course နှစ်လသင်တန်း၊ မိမိအသုံးပြုမည့် ကွန်ပျူတာနှင့် ရုံးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းတွင် အဓိကအရေးပါသော Office Database Course နှစ်လသင်တန်း၊ DTP လုပ်ငန်းအတွက် ကွန်ပျူတာစာဖောင်ဖွဲ့ခြင်းနှင့် စိတ်ကြိုက်ဒီဇိုင်းများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မည့် Desktop Publishing Course နှစ်လသင်တန်း၊ အင်ဂျင်နီယာပုံဆွဲသင်တန်းဖြစ်သော Computer Aided Desigh Course၊ ကွန်ပျူတာ စာရင်းကိုင်သင်တန်းဖြစ်သည့် Computerized Accounting Course၊ ကွန်ပျူတာပညာရှင်များ လက်တွေ့လုပ်ငန်းခွင် အသုံးချရေးသားသည့် ပရိုဂရမ်ရေးသားသည့် ပရိုဂရမ်ရေးသားမှုစနစ် Computer Programaing Course သင်တန်းများ သင်ကြားပို့ချနေကြောင်းလည်း သိရသည်။

ကလေးများ

ထို့အပြင် ကလေးများအတွက် စီစဉ်ထားသော သင်တန်းများမှစပြီး ဒီပလိုမာသင်တန်းများအထိ သင်ကြားပေးနေကြောင်းလည်း သိရသည်။ ဂရပ်ဖစ်နှင့် အထူးပြုလုပ်ချက်များ သင်တန်းကို ၁၉၉၆ ခုနှစ် ဩဂုတ်လမှစပြီး ယနေ့အချိန်အထိ သင်တန်းသား ၂၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မေးမြန်း

ယင်းနောက် ကွန်ပျူတာသင်တန်း အသီးသီးတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူကျောင်းသားများအား ၎င်းတို့၏ သင်ကြားနေမှုများနှင့်စပ်လျဉ်း၍ မေးမြန်းကြည့်ရာ အခြေခံသင်တန်းမှ မသဉ္ဇာအောင်က "ကုမ္ပဏီနှင့် ရုံးလုပ်ငန်းများတွင် စာစီစာရိုက်မှစပြီး လုပ်ငန်းများကို ကွန်ပျူတာဖြင့် အသုံးချနေပြီဖြစ်၍ လုပ်ငန်းခွင်ဝင်နိုင်ရန်အတွက် ရည်ရွယ်ပြီး တက်ရောက်ရခြင်းဖြစ်ကြောင်း၊ ဒီခေတ်မှာ ကွန်ပျူတာအသုံးချခေတ်ဖြစ်လာပြီဖြစ်၍ လူငယ်တစ်ယောက်အနေဖြင့် မဖြစ်မနေ တက်ရောက်သင်ကြားရခြင်းဖြစ်ကြောင်း၊ ဒီထက်အဆင့်မြင့်တန်းများလည်း ဆက်လက်တက်ရောက်ရန် အစီအစဉ်ရှိကြောင်း" ပြောကြားသည်။

နှစ်သက်

တစ်ဖန် ဂရပ်ဖစ်ဒီဇိုင်းပညာသင်တန်း တက်ရောက်နေသော မဝေနှင်းသီက "ဓာတ်ပုံဒီဇိုင်းနှင့် ပို့စကတ်များ လုပ်နိုင်သည့် သင်တန်းဖြစ်၍ အထူးနှစ်သက်သည့် သင်တန်းဖြစ်ကြောင်း၊ ဝါသနာနှင့် စိတ်ဝင်စားမှုကို အခြေခံပြီး အောင်မြင်တတ်ကျွမ်းသော ဒီဇိုင်းပညာရှင်တစ်ဦးဖြစ်သည်အထိ သင်ယူသွားရန် အစီအစဉ်ရှိကြောင်း" ပြောကြားသည်။

ကွန်ပျူတာလက်ကွက် ကျွမ်းကျင်မှုမှစပြီး အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်သည်ကို ဂုဏ်ယူမိ၊ နွေရာသီကျောင်းအားလပ်ရက်ကို အကျိုးရှိစွာ အချိန်အသုံးချလို၍ လာရောက်သင်ယူခြင်းဖြစ်၊ ယနေ့ လူငယ်တစ်ဦးအနေဖြင့် သင်ကြားတတ်မြောက်ထားသင့်သည့် သင်တန်းလည်းဖြစ်။ (မောင်ဝင်းတင်) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တတ်မြောက်ထားသင့်

ယင်းနောက် အခြေခံ Basics Course သင်တန်းတက်ရောက်နေသော မောင်ဝင်းတင်က ပြောကြားရာတွင် "ကွန်ပျူတာလက်ကွက်ကျွမ်းကျင်မှုမှစပြီး အဆင့်မြင့်ပညာရပ်များသင်ကြားနိုင်သည်ကို ဂုဏ်ယူမိကြောင်း၊ နွေရာသီကျောင်း အားလပ်ရက်ကို အကျိုးရှိစွာ အချိန်အသုံးချလို၍ လာရောက်သင်ယူခြင်းဖြစ်ကြောင်း၊ ယနေ့ လူငယ်တစ်ဦးအနေဖြင့် သင်ကြားတတ်မြောက်ထားသင့်သည့် သင်တန်းလည်း ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ကြိုးစားမည်

ဆက်လက်၍ ဂရပ်ဖစ်သင်တန်းတက်ရောက်နေသော မောင်သန့်ဇော်လွင်က "ဂရပ်ဖစ်ဒီဇိုင်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ရန် ဆန္ဒရှိ၍ သင်ကြားရခြင်းဖြစ်ကြောင်း၊ အထူးသင်တန်းများကိုလည်းဆက်လက်တက်ရောက်သင်ကြားနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း"ပြောကြားသည်။

ဤသည်တို့မှာ ယနေ့ လူငယ်လူရွယ်များအဖို့ ရုံး၊ ကုမ္ပဏီနှင့် နိုင်ငံတကာ နယ်ပယ်အသီးသီးတွင် ကွန်ပျူတာ အသုံးချလုပ်ငန်းများ ပေါ်ပေါက်လာနေပြီဖြစ်၍ လုပ်ငန်း ခွင်ဝင်လွယ်ကူစေရန်လည်းကောင်း၊ အိုင်တီနည်းပညာများ နိုင်ငံတကာနှင့်အမီ အမှီလိုက်နိုင်ရန်သော်လည်းကောင်း ကွန်ပျူတာသင်တန်း အသီးသီးကို လေ့လာ သင်ယူထားသင့်ကြောင်း ကွင်းဆင်း မေးမြန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဂရပ်ဖစ်ဒီဇိုင်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ရန် ဆန္ဒရှိ၍ သင်ကြားရခြင်းဖြစ်၊ အထူးသင်တန်းများကိုလည်း ဆက်လက် တက်ရောက် သင်ကြားနိုင်ရန် ကြိုးစားသွားမည်။ (မောင်သန့်ဇော်လွင်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဓာတ်ပုံဒီဇိုင်းနှင့် ပို့စကတ်များလုပ်နိုင်သည့် သင်တန်းဖြစ်၍ အထူးနှစ်သက်သည့် သင်တန်းဖြစ်၊ ဝါသနာနှင့် စိတ်ဝင်စားမှုကို အခြေခံပြီး အောင်မြင်တတ်ကျွမ်းသော ဒီဇိုင်းပညာရှင်တစ်ဦးဖြစ်သည်အထိ သင်ယူသွားရန် အစီအစဉ်ရှိ။ (မဝေနှင်းသီ) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၆ (သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ လွယ်ကူသက်သာ စားစရာ (ခေါက်ဆွဲပြုလုပ်ပုံ)
၇:၂၀ Myanmar Video Rhythm (26)
၈:၁၀ ဂီတသံစဉ်အလှဆင်
၈:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀ ဖြည့်ဆည်းအားပေး ကလေးနှင့် လူငယ်စောင့်ရှောက်ရေး
၈:၄၀ ခါသကြိန်အဆိုအက
၈:၄၅ မိုးလေဝသခန့်မှန်းချက်
၈:၅၀ လတန်ရှူးပေမို့
၉:၀၀ ခါသကြိန်အဆိုအက
၉:၀၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်) (Trade Mark)
၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ ခါသကြိန်အဆိုအက
၉:၃၀ အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ (အပိုင်း-၁)
၉:၄၅ လူငယ်အာဟာရ (မောင်မောင်ဇော်လတ်) (The Ants နှင့်တွေ့ဆုံခြင်း)
၁၀:၁၅ ခါသကြိန်အဆိုအက
၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅ စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကို သုံးကြစို့
၁၀:၄၅ ခါသကြိန်အဆိုအက
၁၀:၅၀ အိမ်ထောင်စု လူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာ
၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀ ခါသကြိန်အဆိုအက
၁၁:၁၅ ဒါးကတံတား
၁၁:၂၅ ဗီစီဒီမိတ်ဆက် (ငါးမုန်းတဲ့ သကြိန်)
၁၁:၄၅ ပတ်ဝန်းကျင်ကို အလှဆင်နေသော ရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်းသတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန် -
(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်း လုံးဝမတီးရ။
(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်တွင် တည်ဆောက်လျက်ရှိသော ဗုဒ္ဓဝင်ပြခန်းအတွက် ရန်ကင်းမြို့နယ်(၁၆) ရပ်ကွက်အမှတ်-၁၃/ဘီစီ မြရတနာလမ်းနေ ဦးခင်မောင်ဆွေ၊ ဒေါ်ခင်ခင်သော်၊သားမောင်ဉာဏ်ထက်အောင်၊ သမီးလမင်းသီရိ မိသားစုက အလှူတော်ငွေကျပ်၁၁၀၀၀၀ကို ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်ဦးစိန်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နေပြည်တော်မြို့တော်ကိုဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက်နေ ပွဲရုံကြီးများနှင့် အဝေးပြေးကားဂိတ်ကြီးများ တည်ဆောက်လျက်ရှိ ရောင်းဝယ်ဖောက်ကားသူများလက်လွှတ်မခံဘဲဈေးကွက်ဝင်ရောက်စေလို

ရန်ကုန် ဧပြီ ၆

ဒေသထွက်သီးနှံထွက်ကုန်များ မှန်ကန်မြန်ဆန်စွာဝင်ရောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၅ ရက် နံနက်၁၁နာရီတွင် နေပြည်တော်မြို့တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နေပြည်တော်မြို့တော် မြို့တော်ဝန် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ တောင်ကြီး၊ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပျဉ်းမနားခရိုင်နှင့် ရမည်းသင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ တောင်ကြီး၊ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံခရိုင်များအတွင်းရှိ မြို့နယ်များမှ ကုန်စိမ်း၊ ကုန်ခြောက် ကုန်သည် ၂၃၃ဦးတို့ တက်ရောက်ကြသည်။

တည်ဆောက်ပေး

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် နေပြည်တော်မြို့တော်ဝန်းကျင်ဒေသများမှ ကုန်သည်များစိတ်ပါဝင်စားစွာ လာရောက်လေ့လာကြ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ နေပြည်တော်မြို့တော်ကို အဘက်ဘက်မှ တည်ဆောက်ပေးလျက် ရှိသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ နေပြည်တော်မြို့တော်ကို သန့်ရှင်းသပ်ရပ်လှပသည့် မြို့တော်ကြီးဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ နေပြည်တော်မြို့တော်သည် ကြီးမားသည့်ဈေးကွက်ကြီးတစ်ခုဖြစ်လာမှာ ဖြစ်ကြောင်း၊ အများပြည်သူများအတွက် အများပြည်သူတို့က ဖန်တီးသည့်ဈေးကွက်ဖြစ်ပေါ်ရေးဖြစ်ကြောင်း၊ ဈေးဆိုင်ခန်းရရှိရေး၊ ရောင်းချမည့်နေရာရရှိရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံကုန်သည်များအနေဖြင့် ယင်းအခွင့်အရေးကြီးကို လက်လွှတ်မခံဘဲ ဆောင်ရွက်ကြရန် ပြောကြားသည်။

စီစဉ်ဆောင်ရွက်နေ

ထို့နောက် နေပြည်တော်မြို့တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က နေပြည်တော်မြို့တော်ကို တည်ဆောက်လျက်ရှိသည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေမှုများ၊ နေပြည်တော်မြို့တော် မြို့မဈေးကြီးတွင် ဈေးဆိုင်ခန်းများ တည်ဆောက်နေမှုများ၊ နေပြည်တော်မြို့တော် ပွဲရုံကြီးများ၊ အဝေးပြေးကားဂိတ်ကြီးများ တည်ဆောက်လျက် ရှိနေခြင်းများကို အကျယ်တဝင့်ဆွေးနွေးပြောကြားပြီး ဆက်လက်၍ နေပြည်တော်မြို့တော်ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်လျက်ရှိကြောင်း၊ဈေးကွက်ကောင်းကြီးတစ်ခု ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နေပြည်တော်မြို့တော်၏ ပတ်ဝန်းကျင်ဒေသများမှ ဒေသထွက်အခြေခံစားကုန်များ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် လက်လွှတ်မခံဘဲ ဈေးကွက်ဝင်ရောက်စေလိုကြောင်း၊ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကုန်သည်များ ကိုယ်စား တောင်ကြီးခရိုင် အောင်ပန်းမြို့မှ ဦးထွန်းအောင်လွင်က ဆွေးနွေးတင်ပြမှုအပေါ် နေပြည်တော်မြို့တော် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က နေပြည်တော် မြို့တော်တွင် အဝေးပြေးကားဂိတ် တည်ဆောက်မှု၊ ပွဲရုံတန်းများ စီစဉ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ကြီးခရိုင်နှင့် ရှမ်းမြို့နယ်မှ ကုန်သည်များက နေပြည်တော်သို့ ဒေသထွက်ကုန်များ ဈေးကွက်ဖွင့်ဝင်ရောက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နေပြည်တော်မြို့တော်ကြီးကို ရောက်ရှိလေ့လာမြင်တွေ့ရ၍ များစွာအားရမိပါကြောင်း၊ ဈေးကွက်သို့ ဝင်ရောက်ရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း ပြောကြားကြပြီး သိလိုသည့် အချက်များကို မေးမြန်းကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နေပြည်တော်မြို့တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေ တို့က ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

အမှာစကား

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၅ရက်က ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံကို တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့က ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်း-၇) (သတင်းစဉ်)

အဆင့်မြင့်တန်း ကွာတားဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင် ပြည်ထဲရေးကဆောက်လုပ်ရေးကိုနိုင်ပြီးအကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ၃နာရီ၄၅မိနစ်က ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက ဆောက်လုပ်ရေးအသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်းသည်ဆောက်လုပ်ရေးအသင်း၏ ဦးဆောင်ဂိုးသွင်းယူခြင်းကို ခံရသော်လည်းစိတ်ဓာတ်မကျဘဲခြေကုန်ထုတ်ကစားနိုင်ခဲ့သဖြင့် ထိုက်တန်စွာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ခေါင်းတိုက်သွင်း

ဆောက်လုပ်ရေးအသင်းအတွက် ဦးဆောင်ဂိုးကိုပွဲစပြီး ၁၄မိနစ်အကြာတွင် တင်ဇော်မိုးကကန်သွင်းရာ ပြည်ထဲရေးအသင်းနောက်တန်းလူနှင့်ထိပြီး လမ်းကြောင်းပြောင်းကာ ဂိုးဝင်သွား၍ရရှိခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းအတွက် ချေပဂိုးကို ပွဲပြီးရန် မိနစ်ပိုင်းအလို ၈၇မိနစ်တွင် နေသူလှိုင် အလွတ်တည်ကန်ဘောမှ အမြောက်ကန်ပို့ပေးသည့်ဘောလုံးကို စည်သူဝင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

လှလှပပ

ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ပြီးဆုံးသည်အထိ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပို မိနစ်၃၀ ဆက်လက်ယှဉ်ပြိုင် ကစားရာဆောက်လုပ်ရေးအသင်းက ဒုတိယဦးဆောင်ဂိုးရရှိခဲ့ပြန်သည်။ ဆောက်လုပ်ရေးအသင်းအတွက် ဒုတိယဂိုးကို အချိန်ပို ပထမပိုင်း ၅မိနစ်တွင် မင်းမင်းထွန်းက ဂိုးသမားနှင့် အနီးကပ် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းအတွက် ဒုတိယ ချေပဂိုးကို အချိန်ပို ဒုတိယပိုင်း ၅မိနစ်တွင် ဆောက်လုပ်ရေးဂိုးနှင့် ကိုက် ၂၀ အကွာမှ တိုက်စစ်မှူး နေသူလှိုင်က လှလှပပကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

အချိန်ပို မိနစ်၃၀ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်နေရာ ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။ ပယ်နယ်တီငါးလုံးစီ ကန်သွင်းကြရာတွင် လေးဂိုးစီ ဂိုးဝင်ပြီး တစ်ဦးစီလွဲချော်ခဲ့ကြ၍ တစ်ဂိုးစီထပ်မံကန်သွင်းရာ ပြည်ထဲရေးအသင်းက ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ဆောက်လုပ်ရေးအသင်းက ဂိုးမဝင်၍ ပြည်ထဲရေးအသင်းက စုစုပေါင်း ခုနစ်ဂိုး-ခြောက်ဂိုးဖြင့်အနိုင်ရရှိသွားခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲ

ပြည်ထဲရေးအသင်းသည် အကြိုဗိုလ်လုပွဲသို့တက်ရောက်သွား ပြီဖြစ်ရာ မြို့တော်စည်ပင်အသင်းနှင့် ဧပြီ ၈ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဧပြီ ၇ရက်**(ယနေ့)** ညနေ၃နာရီ ၄၅မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် စွမ်းအင်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

Food Fair ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၆

Blazon Department Store၏ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် အစားအစာမျိုးစုံခင်းကျင်းပြသရောင်းချသည့် Food Fair ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၇၂) ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်ရှိ Blazon Department Store တွင် စည်ကားသိုက်မြိုက်စွာကျင်းပရာFood Fair ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှစီးပွားရေးကောင်စစ်ဝန် မစ္စတာမတ္တာရာဂုန်အမတ္တာရာကူးနှင့် မြန်မာစီပီကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ မစ္စတာဒီလော့စရီပန်ဆိုပတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်း Food Fairကို ယနေ့မှ ဧပြီ၁၂ရက်အထိ ရန်ကုန်နှင့် မန္တလေး Blazonတို့၌ မွန်းလွဲ၂နာရီမှ ည၇နာရီအထိ တစ်ပြိုင်တည်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ Food Fairတွင် SS Food. Love Boat, TZK. CP. Fair Deal တို့မှ ဆိုင်ခန်းများဖွင့်လှစ်ပြီး ပြည်ပမှတင်သွင်းသော အဆင်သင့်စားသုံးနိုင်သော အစားအစာမျိုးစုံ၊ ဆော့(စ်)အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ခေါက်ဆွဲခြောက်မျိုးစုံ၊ အအေးမျိုးစုံ၊ ယိုးဒယားဝက်အူချောင်း၊ ကြက်အူချောင်း၊ ငါးအူချောင်းအမျိုးမျိုးနှင့် Scotch အမှတ်တံဆိပ် ကြက်ပေါင်းရည်၊ ငှက်သိုက်ရည်မျိုးစုံတို့ကို အရသာမြည်းစမ်းခွင့်နှင့်အတူ စုံလင်စွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

သဘာဝသယံဇာတနှင့် ဒေသခံငါးမျိုးများ ပြုန်းတီးမှုမဖြစ်စေရေး အာဖရိကငါးခူများ မွေးမြူခြင်းမပြုရန် တားမြစ်

ရန်ကုန် ဧပြီ ၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့်အညီ နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှပြည်တွင်းသို့တင်သွင်းလာသည့် အာဖရိကငါးခူ (Clarias Gariepinus)များသည် သဘာဝသယံဇာတများကိုပျက်စီးစေကြောင်း၊ ဒေသခံငါးမျိုးများ ပြုန်းတီးစေနိုင်ကြောင်းသိရှိရသဖြင့် အဆိုပါ အာဖရိကငါးခူများကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်း၊ ပြည်တွင်းတွင် လက်ရှိသားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက်သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည်တို့ကို မပြုလုပ်ကြရန် တားမြစ်လိုက်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၁)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

အဆိုပါ အမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို ဖောက်ဖျက်၍ အာဖရိကငါးခူ ငါးလုပ်ငန်းလုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု အသိပေးကြေညာထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝသယံဇာတများကို ပျက်စီးစေပြီး ဒေသခံငါးမျိုးများ ပြုန်းတီးစေနိုင်သဖြင့် မွေးမြူခြင်းမပြုရန်တားမြစ်ထားသော အာဖရိက ငါးခူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဧပြီလအတွက်

(၉-၄-၂၀၀၆)ရက်နေ့ နှင့် (၃၀-၄-၂၀၀၆)ရက်နေ့

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ယှဉ်ပြိုင် အာဆင်နယ်နှင့် ဘာစီလိုနာ အကြိုဗိုလ်လုပွဲတက်ပြီ

စီစဉ်ရေးသားသူ
မြင့်မောင်စိုး

လန်ဒန် ဧပြီ ၆

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က ဂျူဗင်းတပ်စ်ကို တူရင်မြို့၌ သက်သောင့်သက်သာဖြင့် သရေကစားပြီး ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲသို့ ချောမောစွာရောက်ရှိသွားပြီ ဖြစ်သည်။

အာဆင်နယ်တို့ ပထမအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဂျူဗင်းတပ်စ်ကို အိမ်ကွင်း၌ အနိုင်ရထားမှုကို ဆက်ထိန်းထားနိုင်မှုကြောင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ အာစင်ဝင်းဂါး၏ အသင်း

ဂျူဗင်းတပ်စ်အသင်းအား အနိုင်ရပြီး အာဆင်နယ်ကစားသမားများ ဤသို့ အောင်ပွဲခံ။

(ဓာတ်ပုံ-အင်တာနက်)

သားများ ဂျူဗင်းတပ်စ် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ခဲ့ပြီးနောက် အာဆင်နယ်တို့ သက်သောင့်သက်သာဖြင့် အောင်ပွဲဆင်နိုင်ခဲ့သည်။

လုံးဝခြေပျက်

ပွဲချိန် ၇၇ မိနစ်တွင် ဂျူဗင်းတပ်စ်မှ နက်ဗက်ထွက်သွားရပြီးနောက် ဂျူဗင်းတပ်စ်အသင်း လုံးဝ ခြေပျက်သွားရသလို ဖြစ်ခဲ့ရသည်။

စိုးရိမ်စိတ်များလျော့ကျ

ပထမပိုင်းတွင် အာဆင်နယ်က အိတ်ထဲတွင် နှစ်ဂိုးပိုက်လျက် စိုးရိမ်စိတ်ကြီးစွာဖြင့် ယှဉ်ပြိုင်ရာမှ ပထမပိုင်းအပြီး အာစင်ဝင်းဂါး၏ စိုးရိမ်စိတ်များ လျော့ကျခဲ့သည်။

သို့ရာတွင် ဝင်းဂါးသည် ရီးယက်စ်အဝါကတ်ကြောင့် အကြိုဗိုလ်လုပွဲမှ ထွက်ရမည်ကို စိတ်ပျက်နေပုံရသည်။ အာဆင်နယ်ကစားသမား မက်သရူး ဖလာမီနီသည်လည်း ချယ်လ်ဆီး တိုက်စစ်မှူးဟောင်း အေဒရီမန်မူတူးအား ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် အဝါကတ် အပြခံထားရသည်။

ဒုက္ခပေးနိုင်ခဲ့

ဂျူဗင်းတပ်စ်တို့ အာဆင်နယ် နောက်တန်းကို အလစ်တွင်ကျော်ဖြတ်၍ဂိုးသွင်းယူရန် ကြိုးစားနေသော်လည်း ဖီးလစ်ဆန်ဒရို့စ်နှင့် ကိုလိုတိုရေးတို့အတွဲက အလွတ်မပေးဘဲ ကောင်းကောင်း ဒုက္ခပေးနိုင်ခဲ့ကြသည်။

ဂျူဗင်းတပ်စ်ဂိုးသမား ဘတ်ဖွန်းကလည်း ထပ်မံဂိုးမပေးရရေးအတွက် အာဆင်နယ် တိုက်စစ်မှူးများ၏ ဂိုးရရှိရေးကြိုးပမ်းမှုကို ချေဖျက်နိုင်ခဲ့သည်။ ဂျူဗင်းတပ်စ် တိုက်စစ်မှူး ဒေးဗစ်ထရေဇီဂေး ဂိုးမှ ခြောက်ကိုက်အကွာ နက်ဗက် ထိုးပေးသော ဘောလုံးကိုလည်း ကံမကောင်းစွာဖြင့် လက်လွှတ်လိုက်ရသည်။ အီဘရာဟီမိုဘစ် ဂိုးဧရိယာအတွင်းမှ သွင်းယူသော ဘောလုံးမှာလည်း ဂိုးသမား လေမန်း အချိန်မီ ကာကွယ်ပေးနိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲတက်

ထိုနေ့ညပိုင်းက ဘာစီလိုနာအသင်းနှင့် ဘင်ဖီကာအသင်းတို့လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

သို့ရာတွင် ရော်နယ်ဒင်ဟိုသည် စောစီးစွာဖြင့် ပယ်နယ်တီ ဂိုးမဝင် လွဲချော်ခဲ့ရသည်။ ဆန်မြူရယ်အီတိုး ဖြတ်ပို့လိုက်သော အဖွင့်ဂိုးမှတစ်ဆင့် ပယ်နယ်တီ ရခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ ဂိုးသွင်းခွင့်များရသော်လည်း လွဲချော်ခဲ့ရသည်။ ဘာစီလိုနာတို့ ငါးမိနစ်သာ ကစားရပြီးနောက် ပယ်နယ်တီ စတင်ရခဲ့သည်။

ကာကွယ်လိုက်နိုင်

ဘင်ဖီကာ ကစားသမားပီတစ်ထံမှ ဘောလုံးကိုဆွဲယူပြီး ဘွန်မဲလ်က ရော်နယ်ဒင်ဟိုထံ ဖြတ်ပို့ရာ ၎င်းက ဘင်ဖီကာဂိုးသမား မိုရက်တို၏ ညာဘက်ခြမ်းမှ သွင်းယူခဲ့သော်လည်း ဂိုးသမား ကာကွယ်လိုက်နိုင်သည်။

ဘာစီလိုနာက ဖွေဆော်ဦးဂိုးသွင်းနိုင်ရေးအတွက် ရော်နယ်ဒင်ဟိုနှင့် အီတိုးတို့အတွဲက ဘင်ဖီကာနောက်တန်းလူများအကြားမှ တရစပ်ထိုးဖောက်တိုက်စစ်ဆင်ကစားရာ ပွဲသိမ်း ၁၉ မိနစ်တွင် ရော်နယ်ဒင်ဟိုက ဖွေဆော်ဦးဂိုးသွင်းပေးလိုက်သည်။

ခုနစ်ဂိုးမြောက်ဂိုး

ဘာရာဇီးတိုက်စစ်မှူး စောစောပိုင်းက ပယ်နယ်တီးဂိုး မဝင်ခဲ့မှုကို သွင်းဂိုးဖြင့် အဖတ်ဆယ်နိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းဂိုးမှာ ရော်နယ်ဒင်ဟို၏ ချန်ပီယံလိဂ်တွင် ခုနစ်ဂိုးမြောက်ဂိုးပင် ဖြစ်သည်။

ပွဲပြီးရန် ငါးမိနစ်အလိုတွင် ရော်နယ်ဒင်ဟိုသည် ဂိုးအပြင်ဘက် အီတိုးလက်ထိဘောမှတစ်ဆင့် တိုက်ရိုက်အနီးကပ် အလွတ်တည်ကန်ဘောကန်သွင်းခွင့်ရပြန်သည်။ သို့ရာတွင် ဘင်ဖီကာ ဂိုးသမားကာကွယ်လိုက်နိုင်သည်။

ကန်ခွင့်ရရှိ

ဘင်ဖီကာတို့ ပွဲသိမ်းချိန်တွင် ပထမအကြိမ်အဖြစ် အကောင်းဆုံးဂိုးသွင်းခွင့် အခွင့်အလမ်းရရှိခဲ့သည်။ ယင်းမှာ ရိုချန် လဲကျခဲ့ပြီး ဘာစီလိုနာ ဂိုးအနီး အလွတ်တည်ကန်သော ကန်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာတို့ ဒုတိယပိုင်းတွင် ပြန်လည် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၈၉မိနစ်တွင် အီတိုးဒုတိယမြောက်ဂိုးအဖြစ် သွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် အဆိုပါ တိုက်စစ်မှူးသည် စောစောပိုင်းက ပယ်နယ်တီရရှိရန် မမှန်မကန်ပြုမူခဲ့၍ အဝါကတ်အပြခံရသည်။

ဘင်ဖီကာမှ ပွဲပြီးခါနီး ဆာဘရိုဆီမာအို၏ ချေပရရှိမည့် အခွင့်အလမ်းမှာလည်း လွဲချော်သွားခဲ့ရသည်။ ။ **(အင်တာနက်)**

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ခုနစ်ထပ်ကွမ်းအကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင်ဦးညွန့်ဝင်းက အမှာစကားပြောကြားစဉ်။

(ခရစ်ကက်အဖွဲ့ချုပ်)

မြန်မာခရစ်ကက်အားကစား တိုးတက်မြင့်မားရေး ရှင်းလင်းပွဲအခမ်းအနား အဖွဲ့ချုပ်ရုံးခန်း၌ကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာခရစ်ကက်အားကစား တိုးတက်မြင့်မားလာရေးအတွက် ရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ခုနစ်ထပ်ကွမ်းအကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်နှင့် ဦးကျော်ကျော်(ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ)၊ အကြံပေးပုဂ္ဂိုလ် ဦးကြီးမြင့်နှင့် အမှုဆောင်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက မြန်မာနိုင်ငံခရစ်ကက်အားကစားတိုးတက်မြင့်မားလာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

နှုတ်ခွန်းဆက်စကား

ဆက်လက်၍ Chief Executive Mr. Syed Ashraful Huq (Asian Cricket Council) နှင့် Mr. Roger Binny (Development Officer) တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှတာဝန်ရှိသူများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

TFM Junior Tennis Championships ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် TFM Junior Tennis Championships အသက် ၁၄နှစ်၊ အသက် ၁၂နှစ်နှင့် အသက် ၁၀နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၂ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ လူငယ် တင်းနစ်အားကစားသမားများပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က အသိပေး နှိုးဆော်ထားသည်။

ပြည်နယ်နှင့်တိုင်းမှ လာရောက်ယှဉ်ပြိုင်ကစားလိုသော လူငယ် အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရေးစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာရင်းသွင်း

ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဧပြီ ၂၀ရက် ညနေ ၅နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဖုန်း-၃၇၂၃၆၀သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများ၏ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ မှတ်ပုံတင်မွေးစာရင်းမူရင်း (သို့မဟုတ်) သက်ဆိုင်ရာကျောင်းအုပ်ကြီးထံမှအသက်ထောက်ခံစာ မူရင်းတင်ပြနိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြိတ်အနယ် ယှဉ်ပြိုင်



ဘာစီလိုနာမှ ကားလက်စ်ပူးယော့ (ဝဲ)နှင့် ဘင်ဖီကာမှ မစ်ကိုလီတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြိုဗိုလ်လုပွဲ ပထမအကျော့

ဧပြီ ၁၈ ရက်

အေစီမီလန် နှင့် ဘာစီလိုနာ
အာဆင်နယ် နှင့် ဗီလာရီးရဲ

အကြိုဗိုလ်လုပွဲ ဒုတိယအကျော့

ဧပြီ ၂၅ ရက်

ဘာစီလိုနာ နှင့် အေစီမီလန်
ဗီလာရီးရဲ နှင့် အာဆင်နယ်

(အင်တာနက်)

ချောက်မြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဧပြီ ၆

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၅ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ပေးပွဲချီးမြှင့်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊အကြိမ်(၂၀)မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၉ရက်နံနက် ၁၀နာရီတွင်ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ်သူမြို့နယ်သားအားလုံးအသင်းဝင်သည်ဖြစ်စေ မဝင်ရသေးလျှင်ဖြစ်စေ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာတွင်ငွေကျပ်၂၇သိန်းအကုန်အကျခံ တည်ဆောက်ပြီးစီးသော အဘွားတိုးချဲ့ဆောင်သစ် တည်ဆောက်မှု လုပ်ငန်းများအတွက် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မတ်၁၂ရက်က ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)အလုပ်အမှုဆောင် မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အလှူရှင်များကိုယ်စားအလှူရှင်ဦးစန်းလှိုင်အား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၆၈)

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လမ်း ငါးလမ်းကတ္တရာလမ်းသစ်ဖွင့် ခြံစည်းရိုးကြက်ဆူကိုင်းထိုးစိုက်ပျိုးခြင်းများ အစိုဓာတ်ထိန်းသိမ်းပြုပြင်ပေး ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် တီဘီရောဂါ တိုက်ဖျက်ရေး ဟောပြော

မိုးနဲ ဧပြီ ၄

လင်းခေးခရိုင် မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော သဇင်လမ်း၊ လက်ပံလမ်း၊ ဇီဇဝါလမ်း၊ စံပယ်လမ်းနှင့် ပဒုမ္မာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က အဆိုပါလမ်းများ တည်ရှိရာနေရာများ၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားပြီး မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်က အဆိုပါလမ်း ငါးလမ်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် ပဒုမ္မာလမ်းသစ်၊ လက်ပံလမ်းနှင့် သဇင်လမ်းသစ်ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး ဇီဇဝါလမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးကြီး ကျော်ဆွေ၊ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်နှင့် မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အလားတူပင်စံပယ်လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်တို့နှင့် မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ရပ်မိရပ်ဖ ဦးစိုင်းလှအေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နံနက် ၁၁နာရီတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုးနဲမြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင် ရဲတပ်ဖွဲ့ ကြက်ဆူစိုက်ခင်း၊ နားခံ စံပြကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ နားခံကျေးရွာအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ခြံစည်းရိုးကြက်ဆူကိုင်းထိုးစိုက်ပျိုးနေသည့် စိုက်ခင်းများသို့ သွားရောက် ကြည့်ရှုအားပေး၍ ခြံစည်းရိုးကြက်ဆူများကို ကိုယ်တိုင် ပါဝင်စိုက်ပျိုးပေးခြင်းနှင့် ကြက်ဆူပင်များ အစိုဓာတ်ထိန်းသိမ်းနိုင်ရန် ပြုပြင်ပေးခြင်းများကို အားပေးခဲ့ကြသည်။ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ နားခံ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ ယနေ့အထိ မိုးနဲမြို့နယ်တွင် ၇၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

အမှာစကားပြောကြား

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ ကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးနှင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားသည်။

ပညာပေးဟောပြော

ယင်းနောက် မိုးနဲမြို့နယ်အမျိုးသား သူနာပြု ဦးဌေးဝင်းက တီဘီရောဂါအကြောင်း ပညာပေးဟောပြောဆွေးနွေးကာ မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်စန်းဝင်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ

၈-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး-ဒေါက်တာဒေါ်ခင်မေသစ်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၅ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)

ညနေပိုင်း

၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ဧရာဝတီတိုင်းမှ မချောစုစံနှင့် မန္တလေးတိုင်းမှ မသော်တာ ချမ်းမြေ့တို့ရဲ့ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျဲကျဲလှမ်း သွက်သွက်လျှောက်-ဒေါက်တာရဲနိုင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရ သင်္ကြန်တေးစီးရီး(ရတနာမြိုင်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ၂၀၀၆ ရန်အောင် သင်္ကြန်တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး စိုးလွင်၏ သား-ကျော်စိုးလွင်အား ရည်စူး၍ ဒေါ်ခင်လေးလွင်ကလှူဒါန်းသော အရာတော်မြို့ ထန်းတောကုန်းကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၇ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်

အရာရှိ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးဘဆောင်နှင့် ရေပေးရေးကော်မတီမှ ဦးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပြည်မြို့ ဘဝလမ်းညွှန်စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်လှူဒါန်း

ပြည် ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ လွှစင်အုပ်စု လယ်ဘဲ့ကျေးရွာ ဘဝလမ်းညွှန်စာကြည့်တိုက်၌ စာအုပ်နှင့် ရုပ်မြင်သံကြားပြစက် လှူဒါန်းပွဲ အခမ်းအနား မတ်၂၂ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဘဝလမ်းညွှန်စာကြည့်တိုက်သို့ လှူဒါန်းရှင်မှ ငွေကျပ် ၄၁၆၀၀ တန်ဖိုးရှိ ရောင်စုံရုပ်မြင်သံကြားပြစက်ကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်တိုးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်လှငွေက လက်ခံရယူသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမိုးထွန်းဝင်းက သုတစာအုပ် ၂၀၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးသာဝင်းက ရသစာအုပ် ၁၅ အုပ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က သုတစာအုပ် ၁၅ အုပ်ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်များလှူဒါန်း စာပေဟောပြောပွဲကျင်းပ

ကြို့ပင်ကောက် ဧပြီ ၄

ကြို့ပင်ကောက်မြို့ အမှတ်(၈၇) သစ်စက်စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို မတ် ၂၃ ရက်က သစ်စက်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရေးဆရာကောင်းသန့်က အမှတ်(၈၇) သစ်စက်မန်နေဂျာဦးအောင်သိန်းအား စာအုပ်များ ပေးအပ်လှူဒါန်းပြီး စာရေး ဆရာ လယ်တွင်းသားစောချစ်၊ ငြိမ်းမင်း၊ ကောင်းသန့်တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ (၀၄၀)

ပိုင်ကျုံမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို မတ်၃ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ ဦးဝေလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အထက်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ ဆရာများဆင့်ပွားသင်တန်းဖွင့် ရည်ရွယ်ချက်နှင့် စည်းကမ်းတို့ကို ရှင်းလင်း

ရွှေဘို ဧပြီ ၃

အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာများဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က ရွှေဘိုမြို့ ဒီဂရီကောလိပ် Lecture Theatre စာပေခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စန်းဝင်း၊ အဖွဲ့ဝင် (၁) ဒုတိယရဲမှူးကြီးမြင့်လွင်၊ ရွှေဘိုဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးခင်မောင်တင်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ ဒီဂရီကောလိပ်ကျောင်းသင်တန်းနည်းပြများ၊ ရွှေဘိုခရိုင်မှ အထက်တန်းပြဆရာ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးခင်မောင်တင်၊ ဒုတိယကျောင်းအုပ်ကြီး ဦးရဲမြင့်အောင်၊ ရွှေဘိုမြို့နယ်ပညာရေးမှူး ဦးကံသိန်း တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းတို့ကို ရှင်းလင်းကြသည်။ သင်တန်းကာလမှာ ၄၅ ရက်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဟောင်းတိုင်းရင်းဆေးကျမ်းပေမူများ လှူဒါန်းပွဲကို မတ်၁၈ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပခုက္ကူမြို့ အမှတ် (၄) ရပ်ကွက် ရွှေချမ်းသာလမ်းနေ တိုင်းရင်းဆေးဆရာကြီး ဦးဝင်းမြင့်မိသားစုက ရှေးဟောင်း တိုင်းရင်းဆေးကျမ်းပေမူများကို လှူဒါန်းရာ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာသိန်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (၄၁၃)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း(Sealed Tender)ခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ လက်အောက်ရှိ ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် အသုံးပြုရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်တင်ဒါ (Sealed Tender)ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါပိတ်မည့်ရက် – ၂၈–၄–၂၀၀၆ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံများကို လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် ဆေးဌာန အမှတ် ၃၂၇/၃၆၇၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်တွင် ၁၈–၄–၂၀၀၆ ရက် (အင်္ဂါနေ့)မှစ၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး ဆေးဌာန လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆေးဌာန
လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်
တယ်လီဖုန်းအမှတ်–၃၈၁၂၁၅။

"ကမ္ဘာ့ဘုရင်အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"နှင့် အများသိစေရန် ကြေညာချက်

ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစု ကုမ္ပဏီ)အမှတ်(၃၅၅)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်း၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ NAT THA MEE MEDIA HOME & BUILDING MATERIAL DIRECTORY အိမ်လမ်းညွှန် (°2006-2007°)တွင် ဖော်ပြပါရှိသည့် ကမ္ဘာ့ဘုရင်အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ၎င်းတို့၏လုပ်ငန်းများနှင့်ပတ်သက်သည့် ကြော်ငြာတွင် အဓိကဖော်ပြထားသော အဆောက်အအုံပုံစံမှာ တော်ဝင်မိသားစုကုမ္ပဏီမှ ပုံစံထုတ်ပြီး သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လျက်ရှိသော အဆောက်အအုံပုံစံအတိုင်း ကူးယူဖော်ပြသုံးစွဲထားကြောင်း တွေ့ရပါသည်။

ဤကဲ့သို့ တော်ဝင်မိသားစုကုမ္ပဏီပိုင် အဆောက်အအုံပုံစံကို အသုံးပြု၍ မိမိမှတာဝန်ယူ တည်ဆောက်လုပ်လျက်ရှိလေဟန် ရည်ရွယ်ပြီး အများအထင်မှားစေရန် အလွဲသုံးထားခြင်းကို ကန့်ကွက်တားမြစ်လိုက်ပါသည်။ ကမ္ဘာ့ဘုရင် အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ ယခုလုပ်ရပ်ကြောင့် တော်ဝင်မိသားစုကုမ္ပဏီအတွက် များစွာထိခိုက်နစ်နာမှု ဖြစ်ရပါသည်။

ထို့ကြောင့် ဤကိစ္စတွင် အသုံးပြုခဲ့သော အဆောက်အအုံပုံစံသည် တော်ဝင်မိသားစုပိုင် အဆောက်အအုံပုံစံသာဖြစ်ကြောင်း ဝန်ခံ၍ဖြေရှင်းချက်ကို သတင်းစာတွင် အဆောက်အအုံ ပုံစံနှင့်တကွ အများပြည်သူ အမှန်အတိုင်းသိမြင်စေရန် ထည့်သွင်းဖော်ပြ၍ တော်ဝင်မိသားစုကုမ္ပဏီသို့ တောင်းပန်ပါရန် တောင်းဆိုလိုက်ပါသည်။

ဤတောင်းဆိုချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးဇော်သိန်းထွန်း၊ တရားရုံးချုပ်ရှေ့နေ၊ အမှတ်စဉ်(၁၆၁၅)
အမှတ်(၄၈)၊ မြေညီထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်း။ ဖုန်း–၀၉ ၅၀ ၀၀၆၉၀။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
ဒုတိယအကြိမ်မြောက် အင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာနည်းပညာဘွဲ့အတွက်
ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော B.E ဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော B.E ဘွဲ့ရစာမေးပွဲအောင်မြင်သူများနှင့် ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော B.Tech ဘွဲ့ရစာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–

ကျင်းပမည့်နေ့ရက်	=	၁၃–၅–၂၀၀၆ရက်(စနေနေ့)
ကျင်းပမည့်နေရာ	=	သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ
ကျင်းပမည့်အချိန်	=	နံနက် (၉း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	=	B.E ဘွဲ့အတွက် ကျပ် ၁၅၀၀/– (ကျပ်တစ်ထောင့်ငါးရာတိတိ) B.Tech ဘွဲ့အတွက် ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ)လျှောက်လွှာနှင့် အတူပေးသွင်းရန်။
အဝေးရောက်ဘွဲ့ကြေး	=	B.E ဘွဲ့အတွက် ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ) B.Tech ဘွဲ့အတွက် ကျပ် ၅၀၀/– (ကျပ်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။
အစမ်းလေ့ကျင့်ရက်	=	၁၂–၅–၂၀၀၆(သောကြာနေ့)နံနက်၉း၀၀နာရီ

၂။ ဘွဲ့ယူလိုသူများသည် မိမိတို့ စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်များတွင် သတ်မှတ်လျှောက်လွှာပုံစံဖြင့် ၁၂–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟုလျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကိုတစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ ကျောင်းသားရေးဌာနများတွင် စုံစမ်းနိုင်ပါသည်။

အမိန့်အရ–
ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tenders) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (US Dollar and Euro) ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tenders) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)1/MR(C&W) 2006-2007	1. Wheel Steel Solid	1200-Nos
		2. Parallel Axle Type"Y"	600-Nos
		3. Roller Bearings	2400-Nos
2.	12(T)2/MR(C&W) 2006-2007	1. Bolster Coil Spring No.73	320-Sets
		2. Axle Coil Spring No.74	160-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်–၂၈–၄–၂၀၀၆(သောကြာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၀–၃–၂၀၀၆ရက်မှစ၍ (ရုံးပိတ်ရက်၊ သကြိန် ပိတ်ရက်များအပါအဝင်)ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၉၁၉၈၂၊ ၂၉၁၉၈၅၊(၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂)။

17-2-2006 မှ 16-4-2006
17-4-2006
No. 54
Ph: 01-507016, 703946
0990-40119, 02-80558

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ ၆၆)
မန္တလေးတိုင်း တရားရုံး
၂၀၀၆ခုနှစ်၊ တရားမ ဇာရီမှုအမှတ်–၆၀

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ကျောက်ပန်းတောင်းမြို့ **နှင့်** ၁။ ဦးစိုးဝင်း
၂။ ဒေါ်မြင့်မြင့်တင်
အမှတ်(၅)ရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ်၊ မေလ(၁၂)ရက်နေ့ မြန်မာသက္ကရာဇ်(၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့) မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့ အမှတ်(၅)ရပ်ကွက် ကွင်းအမှတ် (၂၀၆၉/က) ကျောက်ပန်းတောင်း(မြောက်)ကွင်း မြေကွက်အမှတ်(၂၀၇/၂၀၈/၂၈၉)ရေိယာ(၀ ဒသမ ၁၃၈)ဧကရှိ မြေ၊ ယင်းမြေပေါ်ရှိ (၂၇ x ၃၀ x ၁၇)ပေတွင် (၂၇ x ၁၆)ပေထပ်ခိုးနှင့် (၂၇ x ၁၀ x ၁၀)ပေ မီးဖို

ကြမ်းခင်းဈေး – ကျပ်သိန်း(၁၂၀)

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)၊ မန္တလေးတိုင်းတရားရုံး။

အခြားနည်းသမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့်– ၅၊ နည်းဥပဒေ–၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၁။ ဦးသက်ဝင်း **နှင့်**
၂။ ဒေါ်ဖြူဖြူ
အမှတ် ၂၀၈/စီ၊အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။ ဦးခင်လှ(ခ)ဦးတင်လေး
အမှတ်–၄၈ ၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးဟာရှင်
အမှတ် ၂၀၈/စီ၊အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တရားလိုများ **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသည့် ဦးခင်လှ၊ ဦးဟာရှင် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ကတိပဋိညာဉ်အတိုင်း အချင်းဖြစ်အိမ်မြေအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ၊ တစ်ဦးတစ်ယောက်၎င်း ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် ဧပြီလ ၂၀ ရက်၊ ၁၃၆၈ ခုနှစ် တန်းခူးလပြည့်ကျော် ၈ ရက်နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ၎င်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဧပြီ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ရန်ကုန်မြို့ တာမွေမြို့နယ် ဒွေးကြွယ်(က)ရပ်ကွက် အာသောကလမ်း အမှတ်(၁၅)နေ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးသောင်း–ဒေါ်နှင်းမြိုင် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီ တစ်ဆူအတွက် အလှူငွေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က–ပ)

ပူတာအိုဒ္ဓြ်ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ ပျိုးထောင်စိုက်ပျိုး

ပူတာအို မတ် ၂၈

ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ ပျိုးထောင်စိုက်ပျိုးရေးအခမ်းအနားကို မတ် ၁၁ရက်က ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက အမှာစကားပြောကြားသည်။

စိုက်ပျိုးနည်းရှင်းလင်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းပြီး မြို့နယ် စိုက်ပျိုးရေးမန်နေဂျာဦးအောင်လွင်ဦးက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းကို ရှင်းလင်းပြောကြားသည်။

လက်တွေ့မောင်းနှင်ပြသ

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပျိုးအိတ်များတွင် မျိုးစေ့များပျိုးထောင်ပြီးနောက် စက်မှုလယ်ယာမှ ခြံစည်းရိုးကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်အား လက်တွေ့မောင်းနှင်ပြသသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်ဦးစီးသော ဝန်ထမ်းများဖြင့် ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းပျိုးထောင်မှုကို မတ် ၃ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

စိုက်ပျိုးရေးစီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း သီးနှံမျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်

နေပြည်တော်မြို့တော် ဧပြီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၃ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကျောက်တိုင်ကော်ဖီခြံခွဲသို့သွားရောက်ရာ ရှေးဦးစွာ တောင်ငူမြို့နယ် ကျောက်တိုင်ကော်ဖီခြံခွဲ အစည်းအဝေးခန်းမ၌ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခြံမန်နေဂျာ ဦးထိုက်က ၂၀၀၅-၂၀၀၆ခုနှစ် ပဲခူးတိုင်းတောင်ငူခရိုင်တွင် ကော်ဖီသီးနှံ ၇၅၃ ဧကနှင့် ကရင်ပြည်နယ်သံတောင်မြို့နယ်တွင် ၇၃၂၇ဧကစိုက်ပျိုးနိုင်မှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် တောင်ငူမြို့နယ်၌ ကော်ဖီ ၁၈၄ ဧက၊ သံတောင်နှင့် သံတောင်ကြီးမြို့နယ်တို့၌ ကော်ဖီ ၆၉၆ ဧက တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယတိုင်းမန်နေဂျာ ဦးကျော်မြင့်က ခြံခွဲအတွင်း ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့်မျိုးကိုင်း ၂၀၀၀၀ ကျော်ပျိုးထောင်ထားရှိမှုနှင့် ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်းစိုက်ပျိုးမည့် အစီအစဉ်များကို လည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁** ■

မြို့ ၇ရက် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမဖွင့်ပွဲကျင်းပ ရိပ်သာအတွင်း ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစုပေါင်းစိုက်ပျိုး

ရန်ကုန် ဧပြီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးကာ တွံတေးတံတားဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် **စာမျက်နှာ ၉ ကော်လံ ၅** ✡

မွေးရာပါ နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲ ဝေဒနာရှင်များ သဘာဝတရားကိုကျော်လွှားကာ အလှတရားခြယ်မှုန်းနိုင်ကြပြီ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များ ခွဲစိတ်ကုသခံယူလျက်ရှိသော ဝေဒနာရှင်များအား ဉာဏ်သို့ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

သတင်းဆောင်းပါး - မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၆

မိဘတိုင်း မိဘတိုင်းက မိမိတို့၏သားသမီးများအပေါ် ကိုယ်လက်အင်္ဂါ အစုံမွေးဖွားပါစေဟူသော စကားကို မမွေးဖွားမီက ဆုတောင်းဖူး ကြပေလိမ့်မည်။ သို့သော်လည်း ဘဝကံကြမ္မာ အကြောင်းတရားကြောင့် ဆုတောင်းတိုင်းလည်း ဆန္ဒပြည့်ဝသူများရှိသကဲ့သို့ ဆန္ဒမပြည့်ဝသူများလည်း ရှိကြသည်။

အလှတရားဖြင့် ခြယ်မှုန်းနိုင်ပြီ

အချို့သောကလေးငယ်များသည် အာခေါင်ကွဲ၊ အချို့သောကလေးငယ်များမှာ နှုတ်ခမ်းကွဲဖြင့် မွေးရာပါ ဘဝပေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။ သို့သော်လည်း ဆေးပညာများနှင့် ခွဲစိတ်ကုသမှု အောင်မြင်ခြင်းများက နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲဝေဒနာရှင်များ၏ သဘာဝတရားကို ကျော်လွှားကာ အလှတရားဖြင့် ခြယ်မှုန်းနိုင်ကြပြီဖြစ်သည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား ခွဲစိတ်ကုသ၍ အလှတရားခြယ်မှုန်းပေးနေသော ဌာနတစ်ခုမှာ ရန်ကုန်အရှေ့ပိုင်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပင်ဖြစ်သည်။ ယင်းဆေးတက္ကသိုလ်ကြီးတွင် နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲဝေဒနာရှင်များအား အောင်မြင်စွာကုသပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●